# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၈၃)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြင်သစ်နိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၄

၂၀၁၂ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြင်သစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဖရန်ဆွာ အိုလောန်ဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြင်သစ်နိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၄

၂၀၁၂ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြင်သစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျွန်မတ် အိုင်ရော့လ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ဆီရမ်ရိပ်မြို့၌ကျင်းပမည့် အမေရိကန်-အာဆီယံ စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဇူလိုင် ၁၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိပ်မြို့၌ ကျင်းပမည့် အမေရိကန်-အာဆီယံ စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်မှ မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များအား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသိန်းထိုက်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် *စာမျက်နှာ ၅ ကော်လံ ၃* ✻



ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိပ်မြို့၌ ကျင်းပမည့် အမေရိကန်-အာဆီယံ စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ထွက်ခွာသွားသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)


မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



ယူ-၁၉ ဥရောပချန်ပီယံရှစ် အကြိုဗိုလ်လုပွဲ ဂရိနှင့် စပိန်တို့ဗိုလ်လုပွဲတက် စာ-၅

တစ်ဦးချင်း မော်တော်ယာဉ် တင်သွင်းမှုအစီအစဉ်အရ သွင်းကုန်ပါမစ်ထုတ်ပေးသည့် အစီးရေ (၄၀၀၀)ကျော်ရှိလာ စာ ၆



ရုပ်တင်မောင်းစနစ် ခရီးသွားများ အတွက် အဆင်ပြေ စာ ၇



လယ်ဝေးမြို့နယ်မှ တောင်သူများ ဖရဲသီးစိုက်ပျိုးပြီး ဝင်ငွေတိုး စာ-၈

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇူလိုင် ၁၄ ရက်)

# ဝေဖန်ခြင်းဟူသည်

ဝေဖန်ပြောဆိုခြင်းသည် အတတ်ပညာရပ်တစ်ခုဖြစ်သည်ကို ရှေးအခါကပင်ရှိခဲ့လေသည်။ သို့သော် ထိုဝေဖန်ခြင်းအလုပ်သည် အပြစ်ပြောဆိုခြင်းဟူ၍ အများစုက သဘောထားကြ၏။ ဝေဖန်ခံရလေ တိုးတက်မှု ရှိလေဟူသော စကားရှိ၏။ များများဝေဖန်ခံရလေ များများတိုးတက်လေဟူ၍ ဆိုကြ၏။ မှန်ပေ၏။ ဝေဖန်ခံရသူသည် ဝေဖန်အကြံပေးသူများ၏ နည်းနာကို ခံယူလုပ်ကိုင်ကြလေသဖြင့် တိုးတက်မှုလမ်းကြောင်း အမှန်သို့ ဧကန်ရောက်ရလေတော့သည်။

ဝေဖန်သည်ဆိုရာ၌ အလုံးစုံသော ဝေဖန်မှုများကို လက်ခံရမည်မဆိုသာ။ အဘယ်ကြောင့်ဟူမူ ဝေဖန်ခြင်းသည် အကောင်းကို ဖြစ်စေလို၍ ဝေဖန်ခြင်းလည်းရှိသလို အဆိုးကိုဖြစ်စေလို၍ ဝေဖန်ခြင်းလည်း ရှိနိုင်ပေသည်။ အဆိုးကိုဖြစ်စေလို၍ ဝေဖန်ခြင်းကို လက်မခံနိုင်သော်လည်း အကောင်းကိုဖြစ်စေလို၍ ဝေဖန်ခြင်းကို လက်ခံရမည်သာဖြစ်၏။

အချို့သည်ကား စီးပွားပြိုင်ဘက်ဖြစ်၍သော်လည်းကောင်း၊ ပညာပြိုင်ဘက်ဖြစ်၍သော်လည်းကောင်း၊ ရာထူးပြိုင်ဘက်ဖြစ်၍သော်လည်းကောင်း၊ တစ်ခုခုသောအကြောင်းကြောင့်သော်လည်းကောင်း မကောင်း ဝေဖန်ပြောဆိုတတ်ကြ၏။ ဤဝေဖန်မှုသည် အချင်းချင်းမနာလိုမှုအပေါ် အခြေခံလျက် ဝေဖန်ပြောဆိုခြင်းမျှသာ ဖြစ်နိုင်သည်။ ထိုထိုသော ဝေဖန်မှုများသည်ကား လက်ခံရန် အကြောင်းမသင့်ပေ။ သို့သော် အကောင်းအမြင်ဖြင့် ဝေဖန်ခြင်းကား လက်ခံထိုက်ပေသည်။

ဤလမ်းကသွားလျှင် မကောင်းပါ။ ထိုလမ်းမှသွားမှသာလျှင် ဘေးကင်းနိုင်သည်။ ဤသည်တို့သည် မစားသင့်ပါ။ ၄င်းအစားသာလျှင် ကျန်းမာရေးအတွက် သင့်လျော်ပါသည်။ ထိုအလုပ်ကိုတော့ဖြင့် မလုပ်သင့်သေးပါ။ ဤအရာများသာ သင့်လျော်ပါသည် စသည်ဖြင့် အကောင်းမြင်ဝါဒကို အခြေပြု၍ ဝေဖန်ခြင်းကိုကား လက်ခံသင့်ပေသည်။ ဤကဲ့သို့ ပြောဆိုမှသာလျှင် အများအတွက် အကျိုးရှိသည်။

တစ်ခါတစ်ရံ မည်သို့ပင် အကောင်းမြင်ဝါဒဖြင့် ဝေဖန်အကြံပေးသော်လည်း အဆိုးမြင်တတ်ကြသည်။ "ဒီလူ ဘာမှမတတ်ဘဲနဲ့ သက်သက်ဆရာလုပ်နေတာ၊ ဒီလူငါတို့ကို သက်သက်လာသိက္ခာချနေတာ၊ သူပဲတတ်၊ သူပဲသိ၊ ကျန်တဲ့သူက ငတုံး ငအတွေကျနေတာပဲ၊ ဒါသူပြောစရာ အလုပ်လား၊ သူမပြောလည်း ငါတို့လုပ်နေကြတာပဲ" ဟူ၍ ဝေဖန်ခံရသူများအဖို့ စိတ်ခံစားမှု အဖုအကျိတ်လေးများ ဖြစ်တတ်ကြသည်။

ဝေဖန်ခြင်းသည် ကောင်း၏။ ဆိုး၏။ မည်သို့ပင်ဆိုစေကာမူ လူအချို့သည် ဝေဖန်ခံရခြင်းကို မနှစ်သက်တတ်ကြပါ။ ဝေဖန်ခြင်းကို အမြဲတစေ အပြစ်ပြောဆိုခြင်းဟူ၍သာ ရှုမြင်တတ်ကြပါသည်။ အဆိုးမြင်ဝါဒဖြင့် ဝေဖန်ခြင်းကို လက်ခံရန် အကြောင်းမရှိသော်လည်း အကောင်းမြင် အပြုသဘောဖြင့် ဝေဖန်ခြင်းကိုကား လက်ခံရန် အကြောင်းထိုက်ပေသည်။

ဝေဖန်ပြောဆိုသည်ဆိုရာတွင် ဝေဖန်သူများအဖို့ အကြောင်းအရာတစ်ခုအပေါ် ဝေဖန်ပြောဆိုတော့မည်ဆိုလျှင် ပြောဆိုမည့်အကြောင်းအရာသည် အကျိုးအကြောင်းခိုင်လုံမှသာ ပြောဆိုသင့်၏။ အကျိုးမဲ့၊ အကြောင်းမဲ့ ပြောဆိုခြင်းမှာ မဖြစ်သင့်ပေ။ ကျိုးကြောင်းဆီလျော်မှသာလျှင် အများစုက လက်ခံကြပေလိမ့်မည်။ ကျိုးကြောင်းဆီလျော်မှုမရှိလျှင် အများက လက်ခံနိုင်မည်မဟုတ်ပေ။

ဝေဖန်ခံရသူများအနေဖြင့်လည်း အကယ်၍ ဝေဖန်ခြင်းကိုခံရပြီဆိုလျှင် မိမိလုပ်နေသော အလုပ်သည် လမ်းကြောင်းမှန်ပါ၏လော။ အကျိုးရှိသောစွမ်းဆောင်မှုကော ဖြစ်ပါ၏လော။ အများအတွက် ထိခိုက်နေပါသလော။ ကောင်းစေချင်လို့ပြောသည်လော၊ ဆိုးစေချင်လို့ပြောသည်လော စသည်ဖြင့် ဆင်ခြင်သုံးသပ်သင့်ပေ၏။ ဝေဖန်မှုဆိုလေတိုင်း ငြင်းဆန်ခြင်းကားမသင့်ပေ။

သို့ဖြစ်၍ ဝေဖန်သူနှင့် ဝေဖန်ခံရသူတို့အကြား အပေးအယူမျှ၍ သဟဇာတဖြစ်ကြပြီဆိုလျှင် လုပ်ကိုင်ဆောင်ရွက်ကြသော အရာအားလုံးသည် အဆင်ပြေချောမွေ့ကြသဖြင့် တိုးတက်ခြင်း၊ ကြီးပွားခြင်း၊ အေးချမ်းပျော်ရွှင်ခြင်းတို့ကို ရရှိခံစားကြရမည်သာဖြစ်သည်။ ထိုသို့မဟုတ်ဘဲ ကျိုးကြောင်းမဲ့ ဝေဖန်ပြောဆိုနေလျှင်သော်လည်းကောင်း၊ ဝေဖန်မှုအားလုံးကို လက်မခံငြင်းဆန်နေမည်ဆိုလျှင်သော်လည်းကောင်း အလွဲလွဲအချော်ချော်ဖြစ်ကာ ဆုတ်ယုတ်ခြင်းသာဖြစ်စေနိုင်သည်ကို အမြဲမပြတ် သတိချပ်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

## ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ အင်ဒိုနီးရှားသံအမတ်ကြီးနှင့်တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး H.E. Mr. Sebastianus Sumarsono အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင် ၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာ မျိုးသက်၊ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူတို့သည် ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် အသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံခဲ့ကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ဆေးရုံတည်ဆောက်ဖွင့်လှစ်ရန်နှင့် ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိစ္စ၊ ဟိုတယ်လုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်းနှင့် အခြားရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်မည့် စီးပွားရေးကဏ္ဍများအတွက် သတင်းအချက်အလက်များ ရရှိရေးကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

## ပုလဲသွယ်စပ်မျိုးစပါး ကွမ်းခြံကုန်း၌ စိုက်ပျိုးအောင်မြင်

ကွမ်းခြံကုန်း ဇူလိုင် ၁၃

ပုလဲသွယ်စပ်မျိုးစပါးများသည် အထွက်ကောင်း စပါးမျိုးများဖြစ်သဖြင့် ရာသီဥတုကောင်းမွန်မှု၊ ရေရရှိမှုတို့အပေါ် အခြေခံ၍ နိုင်ငံတစ်ဝန်း တိုးတက်စိုက်ပျိုးလျက်ရှိရာ ကွမ်းခြံကုန်းမြို့နယ်တွင်လည်း စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ **(ယာပုံ)**

ဇူလိုင် ၅ ရက်ကလည်း ပုလဲသွယ်စပ်မျိုးစပါး တိုးချဲ့စိုက်ပျိုးနိုင်ရေး အတွက် နည်းပညာပေး ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆန်းမွန်းစတားကုမ္ပဏီတို့ပူးပေါင်း၍ ကွမ်းခြံကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ရုံး၌ ကျင်းပရာ တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဦးလှဆန်းက အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးကျော်ကျော်နှင့် ဆန်းမွန်းစတားကုမ္ပဏီမှ မျိုးစေ့ထုတ်ပညာရှင် ဦးအောင်မြင့်တို့က နည်းပညာပေးဆွေးနွေးခဲ့ကြသည်။ အဆိုပါ အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းဆင့်က ၂၀၁၂-၂၀၁၃ မိုးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါး တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်ကို ရှင်းလင်း



ဆွေးနွေးပြီး တက်ရောက်လာသော တောင်သူများက ကမာပါကျေးရွာမှ တောင်သူ ဦးဝင်းကြည် လယ်တွင် ပုလဲသွယ်စပ်မျိုးစပါး ပျိုးထောင်ထားရှိမှုကို ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ်စိုက်ပျိုးရေး)**

## ဇော်ဂျီရေထိန်းဆည် ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီး

နေပြည်တော် ဇူလိုင် ၁၃

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ဇော်ဂျီရေထိန်းဆည်သို့ ရောက်ရှိကာ ရေထိန်းဆည်ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဇော်ဂျီရေထိန်းဆည် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားရေး၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စနစ်တကျ စီမံဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။ ထို့နောက် ရေထိန်းဆည် တည်ဆောက်ပြီးစီးမှု၊ Hydraulic Control Box ဖြင့် ရေတံခါးအတင်/အချ ပြုလုပ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**တည်ဆောက်ထား**

အဆိုပါ ဇော်ဂျီရေထိန်းဆည်သည် ယခင်က သဲထုတ်ရေတံခါး (၈×၁၁)ပေ လေးပေါက်သာရှိပြီး ယခုအခါ မြစ်ကြောင်းရေစီးရေလာ ပိုမိုကောင်းမွန်စေရန်အတွက် Hydraulic Elevator Dam (၆×၂ )မီတာရှိ ရေတံခါးရွက်ခြောက်ခုဖြင့် တိုးချဲ့တပ်ဆင်တည်ဆောက်ထားရှိသည်။ ဇော်ဂျီရေထိန်းဆည်တွင် တပ်ဆင်ထားသော Hydraulic Elevator Dam သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးတပ်ဆင်သော နည်းပညာဖြစ်ပြီး ရေကြီးချိန်တွင် ရေတံခါးရွက်များအား လှဲထားခြင်းဖြင့် မြစ်အတွင်း ရေစီးဆင်းမှု ပိုမိုကောင်းမွန်စေသောကြောင့် ဇော်ဂျီမြစ်ရေလျှံမှု မဖြစ်တော့ဘဲ ကျောက်ဆည်မြို့ ရေဝပ်ခြင်းမှ ကာကွယ်နိုင်ပြီး မြို့သောက်သုံးရေလုံလောက်စွာ ရရှိရေးကိုလည်း စီမံဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## သင်္ဂဟဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ သာယာဝတီခရိုင်၌ ကျင်းပ

သာယာဝတီ ဇူလိုင် ၁၃

သာယာဝတီခရိုင် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးကျင်းပသည့် သင်္ဂဟဖလား အမျိုးသား (အလွတ်တန်း)ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၈ ရက် ညနေ ၃ နာရီက သာယာဝတီခရိုင် အားကစားကွင်း၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုးက အမှာစကားပြောကြားပြီးနောက် ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးမြင့်လွင်ဦး၊ ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်၊ မြို့နယ်ရှစ်မြို့နယ်မှ အုပ်ချုပ်ရေးမှူးများ၊ အလှူရှင်မင်းလှမြို့နယ်အသင်း နာယက ဦးလှမိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲ ပွဲစဉ်အဖြစ် ပြည်မြို့နယ်အသင်းနှင့် ဥက္ကံမြို့အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဥက္ကံမြို့အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပြိုင်ပွဲတွင် မြို့နယ်အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဇူလိုင် ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(ခရိုင် အား/ကာ)**

## ငပုတောမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ငပုတော ဇူလိုင် ၁၃

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ငပုတောမြို့နယ် တောင်ပိုင်းရပ်ကွက် ဆပ္ပဒသိမ်တော်ကြီးကုန်းမြေနေရာ၌ ဇူလိုင် ၃ ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကို၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးထိုက်လွင်ဦးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက ပျဉ်းကတိုးပင် ၃၀၀၊ မဟော်ဂနီပင် ၆၀၀ နှင့် ယူကလစ်ပင် ၃၀၀ စုစုပေါင်းပျိုးပင် ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

**(အောက်ပုံ)(မြို့နယ်သစ်တော)**



## YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဇူလိုင် ၁၃

ယုဇနပလာဇာဂေါက်သီးရိုက်အသင်း (YPGG) ရန်ကုန်၏ (၄၆)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၁၉ ရက် နံနက် ၆ နာရီတွင် ရန်ကုန်မြို့တော် ဂေါက်ကွင်း(ငွေသော်တာ)၌ ကျင်းပမည်ဖြစ်ရာ အသင်းသားတိုင်း ပါဝင်နိုင်ရန်နှင့် အသေးစိတ်သိရှိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈ နှင့် ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆ တို့ထံသို့ဆယ်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## အခွန်စည်းကြပ်ကောက်ခံနိုင်ရေးဆိုင်ရာ ပဲခူးမြို့နယ်၌ ရှင်းလင်းဆွေးနွေး

ပဲခူး ဇူလိုင် ၁၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် စတိုးဆိုင်ကြီးများ၊ ကုန်တိုက်ကြီးများနှင့် ဟိုတယ်၊ တည်းခိုခန်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအပေါ် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ



အခွန်စည်းကြပ်ကောက်ခံနိုင်ရေးအတွက် လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာရှင်းလင်းပွဲ အခမ်းအနားကို ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲသို့ ပဲခူးမြို့နယ်မှ လုပ်ငန်းရှင်စုစုပေါင်း ၄၉ ဦး တက်ရောက်ကြပြီး ပဲခူးမြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အေးအေးမော်**(အပေါ်ပုံ)**က ရှင်းလင်းဆွေးနွေးပြီးနောက် လုပ်ငန်းရှင်များအနေဖြင့် လုပ်ဆောင်ရမည့်အချက်များကို တာဝန်ရှိဦးစီးအရာရှိတစ်ဦးက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**(ပြည်တွင်းအခွန်)**

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

# ခြေလက်များ ဖြတ်တောက်ခဲ့ရသည့် ပြင်သစ်နိုင်ငံသား အာဖရိကမှ ဥရောပသို့ ဖြတ်သန်းရေကူးနိုင်ခဲ့

ရာဘတ် ဇူလိုင် ၁၃

မတော်တဆဖြစ်ရပ်ကြောင့် ခြေလက်များဖြတ်တောက်ခဲ့ရသည့် ပြင်သစ်နိုင်ငံသား ဖီလစ်ပီခရွိုင်ဇန်သည် အာဖရိကမှ ဥရောပသို့ ဇူလိုင် ၁၂ ရက်က ရေလမ်းခရီးမှ ဖြတ်သန်းရေကူးနိုင်ခဲ့ကြောင်း အဆိုပါရေကူးမှုကို စီစဉ်ဆောင်ရွက်ပေးသူတစ်ဦးဖြစ်သည့် အန်းဘာရက်က ဇူလိုင် ၁၃ ရက်တွင် ပြောကြားသည်။

ဖီလစ်ပီခရွိုင်ဇန် **(အောက်ပုံ)**သည် အာဖရိကနိုင်ငံဖြစ်သော မော်ရိုကိုနိုင်ငံမြောက်ပိုင်း တန်ဂီရာမြို့ကမ်းခြေမှ ဥရောပနိုင်ငံဖြစ်သည့် စပိန်နိုင်ငံတောင်ပိုင်း တာရီဖာမြို့အနီး ကမ်းခြေသို့ ရေကူးနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ရေကူးရာတွင် ဂျီဘရောတာရေလက်ကြားကို ဖြတ်သန်းကူးခတ်ခဲ့ခြင်းဖြစ်သည်။

**စီစဉ်ဆောင်ရွက်ပေး**

ဖီလစ်ပီခရွိုင်ဇန်သည် တန်ဂီရာမြို့ဆိပ်ကမ်းမှ တာရီဖာမြို့အနီးကမ်းခြေကျောက်ဆောင်တစ်ခုသို့ ရေမိုင် ၈ ဒသမ ၇ မိုင်ကို ဖြတ်သန်းရေကူးခဲ့ခြင်းဖြစ်သည်။ ထိုသို့ရေကူးရာတွင် အချိန် ၅ နာရီ မိနစ် ၂၀ ခန့်ကြာမြင့်ခဲ့သည်ဟု ခရွိုင်ဇန်ရေကူးမှု အစီအစဉ်များကို စီစဉ်ဆောင်ရွက်ပေးသည့် အန်းဘာရက်က ပြောကြားသည်။

ခရွိုင်ဇန်သည် ဖြတ်တောက်ခဲ့ရသည့် ခြေနှစ်ဖက်စလုံး၏ ပေါင်တံများမှနေ၍ ရေယက်များကို တပ်ဆင်ပြီး ရေကူးခဲ့ခြင်းဖြစ်သည်။ ခရွိုင်ဇန်သည် အင်္ဂလိပ်ရေလက်ကြားကို ၂၀၁၀ ခုနှစ်က ဖြတ်သန်းရေကူးနိုင်ခဲ့ပြီး ၂၀၁၂ ခုနှစ် မေလက ပါပူဝါနယူးဂီနီမှ အင်ဒိုနီးရှားနိုင်ငံသို့ ဖြတ်သန်းရေကူးနိုင်ခဲ့သည်။ တစ်ဖန်ပြီးခဲ့သည့် ဇွန်လကလည်း အီဂျစ်နိုင်ငံတာဘာအပန်းဖြေစခန်းမှ ပင်လယ်နီကို ဖြတ်သန်းကာ ဂျော်ဒန်နိုင်ငံ အကာဘာဆိပ်ကမ်းသို့ အချိန်ငါးနာရီကျော်ကြာ အောင်မြင်စွာ ရေကူးဖြတ်သန်းနိုင်ခဲ့သည်။

ဖီလစ်ပီခရွိုင်ဇန်သည် လာမည့်ဩဂုတ်လတွင် ရုရှားမှ အမေရိကန်သို့ ဖြတ်သန်းရေကူးရန်လည်း စီစဉ်ထားသည်။ ခရွိုင်ဇန်သည် ၁၉၉၄ ခုနှစ်၌ အိမ်ခေါင်မိုးပေါ်ရှိ အင်တင်နာကို တက်ရောက်ပြုပြင်ရာမှ အိမ်ခေါင်မိုးအနီးမှ ဖြတ်သန်း သွယ်တန်းထားသော မဟာဓာတ်အားလိုင်းကြိုးနှင့် မတော်တဆထိခိုက်မိပြီး ၎င်း၏ခြေနှင့်လက်များကို ဖြတ်တောက်ခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**





# အမေရိကန်မှ စပိန်သို့ပျံသန်းနေသည့်ခရီးသည်တင်လေယာဉ် ဗုံးလန့်မှုကြောင့် နယူးယောက်လေဆိပ်သို့ ပြန်လည်ဆင်းသက်

နယူးယောက် ဇူလိုင် ၁၃

အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ စပိန်နိုင်ငံ မက်ဒရစ်မြို့သို့ ဇူလိုင် ၁၂ ရက်က ပျံသန်းလာသော ခရီးသည်တင်လေယာဉ်တစ်စင်းပေါ်တွင် ဗုံးပါရှိသည်ဟူသော သံသယဖြစ်ဖွယ် ဝိုင်ယာကြိုးများတွေ့ရှိပြီး ဗုံးလန့်မှုကြောင့် နယူးယောက်မြို့လေဆိပ်သို့ အရေးပေါ်ပြန်လည်ဆင်းသက်ခဲ့ရကြောင်း အမေရိကန်အရာရှိများက ဇူလိုင် ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

အဆိုပါလေယာဉ်မှာ ဒယ်လ်တာ-၁၂၆ လေယာဉ်ဖြစ်ပြီး လေယာဉ်ဝန်ထမ်းများက လေယာဉ်ပေါ်တွင် ဗုံးဟုယူဆရဖွယ်ရှိသော ဝိုင်ယာကြိုးများ ဆက်သွယ်ထားမှုကို တွေ့ရှိခဲ့ရာမှ နယူးယောက်မြို့ရှိ ဂျွန်အက်ဖ်ကနေဒီလေဆိပ်သို့ အရေးပေါ်ပြန်လည်ဆင်းသက်ခဲ့ခြင်းဖြစ်သည်။

ဒယ်လ်တာ-၁၂၆ လေယာဉ်သည် လေဆိပ်သို့ ဆင်းသက်သည်နှင့် လေယာဉ်ပေါ်ရှိ ခရီးသည်များအား အမြန်ရွှေ့ပြောင်းပေးခဲ့ပြီး အမေရိကန်ဗဟိုထောက်လှမ်းရေးအဖွဲ့ဝင်များနှင့် လေဆိပ်လုံခြုံရေးအဖွဲ့များ ပူးပေါင်းကာ လေယာဉ်ပေါ်၌ ဗုံးရှာဖွေမှုများပြုလုပ်ခဲ့ကြသည်။ သို့သော် လေယာဉ်ပေါ်တွင် ဗုံးကိုရှာဖွေတွေ့ရှိခြင်းမရှိခဲ့ကြောင်း၊ လေယာဉ်ပေါ်၌ တွေ့ရှိခဲ့သည့် ဝိုင်ယာကြိုးများမှာလည်း ဗုံးအဖြစ် ပြောင်းလဲစေမည့်အနေအထားမျိုးမဟုတ်ကြောင်း ရှာဖွေရေးအဖွဲ့များက ပြောကြားသည်။ **(အင်တာနက်)**

# ယီမင်ရဲသင်တန်းကျောင်း၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ဆာနား ဇူလိုင် ၁၃

ယီမင်မြို့တော် ဆာနားရှိ ရဲသင်တန်းကျောင်းအပြင်ဘက်၌ ဇူလိုင် ၁၂ ရက်တွင် အသေခံဗုံးခွဲတိုက်ခိုက်သူတစ်ဦးက သူ့ကိုယ်သူအသေခံပြီး ဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် ရဲအရာရှိများ အပါအဝင် လူ ၂၂ ဦးသေဆုံးသွားကြောင်း စုံစမ်းစစ်ဆေးရေးအရာရှိများက ပြောကြားသည်။

**တွေ့ရှိခဲ့ရ**

ဗုံးခွဲတိုက်ခိုက်ချိန်တွင် ရဲအရာရှိများသည် သင်တန်းကျောင်းမှ ထွက်ခွာသွားနေကြပြီဖြစ်ကြောင်း၊ မိမိတို့အခင်းဖြစ်ပွားရာနေရာသို့ အပြေးအလွှား သွားကြည့်လိုက်သည့်အချိန်တွင် ရဲအရာရှိဒါဇင်နှင့်ချီ၍ သွေးအိုင်များ၌ သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း၊ မြင်ကွင်းမှာလည်းမရှုရက်မမြင်ရက်စရာပင်ဖြစ်ကြောင်း ရဲအရာရှိ ဖာဒယ်အလီက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါ ရဲသင်တန်းကျောင်းအပြင်ဘက်ရှိ ရဲအရာရှိများစုဝေးရာနေရာသို့ အသက် ၂၀ ဝန်းကျင်ရှိ အမျိုးသားတစ်ဦးပြေးဝင်သွားပြီးနောက် ထိုနေရာ၌ ကျယ်လောင်သော ပေါက်ကွဲသံကြီး ကြားလိုက်ရချိန်တွင် ရဲအရာရှိများသည် သွေးအိုင်များအတွင်း လဲကျနေသည်ကို တွေ့လိုက်ရကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

**သေဆုံးခဲ့ရ**

မေလကလည်း ယီမင်မြို့တော်၌ စစ်ရေးလေ့ကျင့်နေစဉ်အတွင်း စစ်ယူနီဖောင်းဝတ် တိုက်ခိုက်ရေးသမား တစ်ဦးက အသေခံဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် လူ ၉၀ ကျော် သေဆုံးခဲ့ရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

# ရုရှားနိုင်ငံမှ ကျေးရွာတစ်ရွာ ရှေးဟောင်းယဉ်ကျေးမှု ထိန်းသိမ်းမှုဆု ရွေးချယ်ခံရ

စိန့်ပီတာစဘတ် ဇူလိုင် ၁၃

ရုရှားနိုင်ငံမှ ကျေးရွာတစ်ရွာသည် ယူရိုပါနိုစတာဖက်ဒရေးရှင်းမှချီးမြှင့်မည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်နိုင်သော ကျေးရွာဆုအတွက် ရွေးချယ်ခံရကြောင်း ဇူလိုင် ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါရွာမှာ ရုရှားနိုင်ငံကာရီလီရာဒေသမှ ဟေကိုလ်ယာအမည်ရှိ ကျေးရွာဖြစ်ကြောင်း ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့အခြေစိုက် ယူရိုပါနိုစတာဖက်ဒရေးရှင်းက ဇူလိုင် ၁၂ ရက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်ဟု ရုရှားယဉ်ကျေးမှုဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။ ၎င်းကျေးရွာသည် ရုရှားစာရေးဆရာကြီးအော့ဂျီစတီပါနိုဗာ၏ မွေးရပ်ရွာလည်းဖြစ်သည်။ ယင်းကျေးရွာတွင် မကြာမီနှစ်များက ရိုးရာဓလေ့ပညာရပ်များဖြင့် တည်ဆောက်ထားသော နေအိမ်သုံးလုံးကို ယူရိုပါနိုစတာဖက်ဒရေးရှင်းက တည်ဆောက်ပေးခဲ့သည်။ ဟေကိုလ်ယာကျေးရွာသည် ဥရောပဆိုင်ရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အထောက်အထားပစ္စည်းများကို ထိန်းသိမ်းထားနိုင်သည့် ကျေးရွာဖြစ်သည်။

အခြားဥရောပနိုင်ငံ ၁၀နိုင်ငံတွင်လည်း ရှေးဟောင်းယဉ်ကျေးမှုဒေသများကို ထိန်းသိမ်းနိုင်သည့်အတွက် ယင်းဆုများ ရရှိခဲ့ဖူးသည်။ ယူရိုပါနိုစတာဖက်ဒရေးရှင်းကို ၁၉၆၃ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၂ ခုနှစ်မှစတင်ကာ ဥရောပ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်မှုဆုများကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

# အစ္စရေးအခြေချနေထိုင်သူများ အကြမ်းဖက်မှု ပိုမိုပြုလုပ်လာ

ရာမာဒန် ဇူလိုင် ၁၃

အသိမ်းပိုက်ခံ အနောက်ဘက်ကမ်းနှင့် ဂျေရုဆလင်ရှိ ပါလက်စတိုင်းတို့အပေါ် အစ္စရေးအခြေချနေထိုင်သူများက အကြမ်းဖက်မှုမှာ ၂၀၀၉ ခုနှစ်နောက်ပိုင်း သိသိသာသာ ပိုမိုလာကြောင်း ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် အင်န်ဂျီအိုများက ပြောကြားလိုက်သည်။

**ပိုများလာ**

အစ္စရေးအခြေချနေထိုင်သူများ၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းတို့၏ ထိခိုက်သေဆုံးမှုနှင့် ပစ္စည်းဆုံးရှုံးမှုမှာ လွန်ခဲ့သည့် နှစ်ကထက် သုံးပုံတစ်ပုံကျော်ပိုများလာပြီး ၂၀၀၉ ခုနှစ်နောက်ပိုင်းတွင် ၁၅၀ရာခိုင်နှုန်းနီးပါး ပိုများလာကြောင်း ယူနီဆက်၊ အက်ဖ်ပီနှင့်တကွ အခြားအင်န်ဂျီအိုစသည့် အဖွဲ့အစည်း ၁၁ ခုတို့၏ပူးတွဲကြေညာချက်တွင် ပြောကြားသည်။ ၁၉၆၇ ခုနှစ်နောက်ပိုင်း အသိမ်းပိုက်ခံနယ်မြေများ၌ တရားမဝင်ရပ်ကွက် ၁၂၀ တွင် အစ္စရေးလူမျိုးငါးသိန်း နေထိုင်လျက်ရှိသည်ဆို၏။ **(အင်တာနက်)**

# ထောက်ပံ့ရေးလုပ်သားနှစ်ဦး ဆိုမာလီနိုင်ငံ၌ ပြန်ပေးဆွဲခံရ

မိုဂါဒစ်ရှူး ဇူလိုင် ၁၃

ဆိုမာလီနိုင်ငံ အလယ်ပိုင်းတွင် ထောက်ပံ့ရေးလုပ်သားနှစ်ဦးကို အမည်မသိသေနတ်သမားများက ပြန်ပေးဆွဲသွားကြောင်း ဒေသခံအကြီးအကဲ မိုဟာမက်ဂျာမာက ဇူလိုင် ၁၂ ရက်တွင် ပြောကြားသည်။

ပြန်ပေးဆွဲခံရသူ ထောက်ပံ့ရေးလုပ်သားနှစ်ဦးမှာ နိုင်ငံခြားသားများဖြစ်ပြီး အိမ်နီးချင်း ကင်ညာနိုင်ငံမှ ဖြစ်မည်ဟုယူဆရသည်။

၎င်းတို့သည် ဆိုမာလီနိုင်ငံအလယ်ပိုင်းတွင် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နေကြသူများဖြစ်သည်။ ပြန်ပေးဆွဲသူများနှင့် ရင်ဆိုင်ရာတွင် ၎င်းတို့၏ယာဉ်မောင်းနှင့် လုံခြုံရေးအစောင့်များ ဒဏ်ရာရသွားသည်ဟုဆို၏။ **(အင်တာနက်)**

# နိုင်ဂျီးရီးယား၌ ဆီတင်ယာဉ်ပေါက်ကွဲ လူ ၁၀၀ ကျော်သေဆုံး၊ အများအပြားဒဏ်ရာရ

လေဂို့စ် ဇူလိုင် ၁၃

**နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်းတွင် ဇူလိုင် ၁၂ ရက်က လောင်စာဆီတင်ယာဉ် တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီးနောက် လူ ၁၀၀ ကျော် သေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။**

အဆိုပါ ဆီတင်ယာဉ်သည် တိမ်းမှောက်ပြီးပြီးချင်း မီးတောက်မီးလျှံများအဖြစ် လောင်ကျွမ်းပေါက်ကွဲခြင်းမရှိဘဲ ရွာသားများ ဓာတ်ဆီများသွားရောက်စုဆောင်းနေချိန်မှသာ မီးတောက်မီးလျှံများ တဟုန်းဟုန်း တောက်လောင်ခဲ့သဖြင့် လူမြောက်မြားစွာ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

၎င်းဆီတင်ယာဉ်သည် အခြားသောမော်တော်ယာဉ်သုံးစီးကို ဝင်တိုက်ပြီး တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ဂျီးရီးယားဒေးလီးတိုင်း(မ်) သတင်းစာ၌ ဖော်ပြထားသည်။ မီးလောင်သေဆုံးသွားသူများအား မြစ်ကမ်းဘေးနေရာတွင် ချက်ချင်းစုပြုံသင်္ဂြိုဟ်ခဲ့ပြီး ဒဏ်ရာရသူ ၃၅ ဦးခန့်ကို နီးစပ်ရာဆေးရုံသို့တင်ပို့ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းထောက် အီမိကာအီဒီကာက ပြောကြားသည်။ ယင်းဖြစ်ပွားမှုသည် အိုကော့ဘီ ကျေးရွာအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သူမက ဆက်လက်ပြောကြားသည်။ **(အောက်ပုံ)**

သေဆုံးသူအများစုသည် ဒေသအခေါ် အိုကာဒက်ဟုခေါ်သည့် မော်တော်ဆိုင်ကယ် တက္ကစီသမားများဖြစ်ကြောင်း၊ ယင်းတို့သည် ဆီတင်ယာဉ် တိမ်းမှောက်ရာမှ ဆီများကို ၎င်းတို့၏ ဆိုင်ကယ်များအတွင်းထည့်ယူနေစဉ် မီးလောင်ပေါက်ကွဲမှုကြီးများ ဆက်တိုက်ဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးမှုများခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



## နိုင်ငံတကာသတင်းအတိုအထွာ ၁၃-၇-၂၀၁၂

**တင်မောင်လွင်(မြန်မာ့အလင်း) - စုစည်းသည်**



### အမေရိကန်နိုင်ငံ ဟူစတန်မြို့၌ မုန်တိုင်းတိုက်ခတ်

*အမေရိကန်နိုင်ငံ ဟူစတန်မြို့တွင် ဇူလိုင် ၁၂ရက်က အင်အားပြင်းထန်သောမုန်တိုင်းတိုက်ခတ်မှုကြောင့် ဓာတ်အားပြတ်တောက်ခဲ့သဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူ ၁၄၀၀၀ ကျော် အမှောင်ထဲတွင် နေခဲ့ရကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်သည်။ အဆိုပါမုန်တိုင်းသည် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်က စတင်တိုက်ခတ်ခဲ့ကြောင်း၊ စွမ်းအင်ဌာနမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် တာဝန်ရှိသူများ၏ ပြောကြားချက်ကို ဟူစတန်ချာဂိုနစ်သတင်းစာက ကိုးကားဖော်ပြသည်။ မုန်တိုင်းတိုက်ခတ်ပြီးမိုးများ သည်းထန်စွာရွာသွန်းမှုကြောင့် လမ်းများတွင်ရေလွှမ်းမှုများလည်းဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။ တက္ကဆက်ပြည်နယ်အရှေ့တောင်ပိုင်းရှိ စီရင်စုအချို့တွင်လည်း ရေကြီးမှုများဖြစ်နိုင်ကြောင်း သတိပေးထားသည်။ အဆိုပါမုန်တိုင်းသည် ဇူလိုင် ၁၂ ရက်နံနက်ပိုင်းက ဟူစတန်မြို့မြောက်ပိုင်းဒေသမှ ဖြတ်သန်းပြီး ယင်းနေ့နှောင်းပိုင်းတွင် အင်အားပျော့သွားနိုင်ဖွယ်ရှိကြောင်း အမေရိကန်မိုးလေဝသဌာနမှ ထုတ်ပြန်ထားသည်။* ***(အပေါ်ပုံ)***

### အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းတွင် အင်အားပြင်းငလျင်လှုပ်

***အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းတွင် ဇူလိုင် ၁၂ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်သွားကြောင်း၊ သေကျေပျက်စီးမှုများ ထုတ်ပြန်ခြင်းမရှိသေးကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။***

***အဆိုပါမြေငလျင်သည် ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ၁၂၁ ကီလိုမီတာနှင့် ဘာဒတ်ရှန်ပြည်နယ် ဖာဇာဘာတ်မြို့ အရှေ့တောင်ဘက် ၇၂ ကီလိုမီတာအကွာရှိ ဟင်ဒူကတ်ရှ်ဒေသမြောက်ပိုင်း မြေအောက်ကီလိုမီတာ ၁၉၀ အကွာ၌ ဗဟိုပြုလှုပ်သွားခြင်းဖြစ်ကြောင်း အမေရိကန်မြေငလျင်တိုင်းတာရေးဌာနမှ ပြောကြားသည်။*** *(အင်တာနက်)*

■ *ပြည်သူ့လွှတ်တော်မှ*

ဦးစွာအရေးကြီးသောအချက်ဖြစ်သဖြင့် မွေးမြူမည့်သူများ စာရင်းရရှိပါက မြေကွက်နေရာအား သတ်မှတ်ပေးနိုင်ပါကြောင်း၊ မွေးမြူရေးဇုန် ဖော်ထုတ်တည်ဆောက်နိုင်ရေးအတွက် အထက်အဆင့်ဆင့်၏ ကြီးကြပ်လမ်းညွှန်မှုကို ခံယူပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော မွေးမြူရေးဇုန်ကြီးကြပ်ရေးကော်မတီအား ဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ဖြေကြားသည်။

ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၏ **စာသင်ကျောင်းများ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်း၊ မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်၏ **ပညာသင်ဆုများကို ကြီးကြပ်စစ်ဆေးခြင်းများ ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ဖြေကြားရာတွင် **ပထမမေးခွန်းနှင့်စပ်လျဉ်း၍** ဒိုက်ဦးမြို့နယ်အတွင်းရှိ ကတုတ်ဘုရားကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အထက်တန်းအဆင့် ကျောင်းသား (၅၂၂) ဦး စိစစ်တွေ့ရှိရသဖြင့် အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့လည်းကောင်း၊ မြို့သစ်(က) အခြေခံပညာမူလတန်းကျောင်း(ခွဲ)တွင် ကျောင်းသား ကျောင်းသူ (၁၆၈) ဦးရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် အခြေခံပညာမူလတန်းကျောင်းအဆင့်သို့လည်းကောင်း တိုးမြှင့်ဖွင့်လှစ်ပေးရန် လျာထားပါကြောင်း။

သရက်တောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ မင်္ဂလွန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် မင်းတဲစုကျေးရွာ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့တွင် အဆင့်တိုးမြှင့်နိုင်ရန်အတွက် သတ်မှတ်ကျောင်းသားဦးရေ သင်ကြားလျက်ရှိသည်ကို မတွေ့ရှိရပါသဖြင့် လောလောဆယ်တွင် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း။

ခင်တန်းကျေးရွာနှင့် ရေငန်ချောင်းကျေးရွာ ဘုန်းတော်ကြီးသင် တွဲဖက်မူလတန်းကျောင်းတို့တွင် သတ်မှတ်ကျောင်းသားဦးရေပြည့်မီပါက မူလတန်း(ခွဲ) အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရေးအတွက် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍** ပညာသင်ဆုစာမေးပွဲဆိုင်ရာ မေးခွန်းပြုစုခြင်း၊ ရိုက်နှိပ်ခြင်း၊ ဖြန့်ဝေခြင်း၊ စာမေးပွဲကျင်းပခြင်း၊ အဖြေလွှာစစ်ဆေးခြင်း၊ လူတွေ့နှုတ်ဖြေစစ်ဆေးခြင်း၊ အောင်စာရင်းထုတ်ပြန်ခြင်း စသည့် လုပ်ငန်းအဆင့်ဆင့်ကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူ၍ ပထမအကြိမ်စတင်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ စာဖြေခန်းများ ကြီးကြပ်ရေးအတွက် ဒေသခံဆရာ ဆရာမများနှင့် အခြားမြို့နယ်မှ ဆရာ ဆရာမများအား စုပေါင်းကြီးကြပ်စေခဲ့ပါကြောင်း၊ အဖြေလွှာများကို အခြားမြို့နယ်မှ ကျောင်းအုပ်နှင့် ဆရာ ဆရာမများက အမှတ်ပေးစည်းမျဉ်းနှင့်အညီ စစ်ဆေးစေခဲ့ပြီး အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ မေးခွန်းလုံခြုံမှုကောင်းမွန်ခြင်း၊ မိဘများအနေဖြင့်လည်း သံသယဖြင့် တိုင်ကြားမှုများ ကင်းရှင်းကြောင်းတွေ့ရှိရသဖြင့် ဆုရသူများ၏ဂုဏ်သိက္ခာကိုလည်း ထိန်းသိမ်း မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ မြို့နယ်အလိုက် အမှန်တကယ်ထူးချွန်သူများကိုသာ ပညာသင်ဆုချီးမြှင့်ပေးနိုင်ရန် ရည်ရွယ်၍လုပ်ဆောင်ခြင်းဖြစ်ပါကြောင်းနှင့် နောင်လာမည့်နှစ်များတွင် စာမေးပွဲ၏ အဆင့်အတန်းကို မထိခိုက်စေဘဲ မြို့နယ်တွင်းမှ ဆရာ ဆရာမများကို ပိုမိုတာဝန်ပေး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**အရေးကြီးအဆိုတင်သွင်းခြင်းကဏ္ဍ**တွင် ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုတင်သွင်းသော **"ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းရှိသော ဒီမိုကရေစီစနစ် ဖော်ဆောင်ရာတွင် အဟန့်အတားဖြစ်နေသော မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုအား အမြန်ဆုံးရုပ်သိမ်းပေးရန် လွှတ်တော်နှင့်ဆောင်ရွက်နိုင်သူ မည်သူ့ကိုမဆို မည်သည့်နည်းလမ်းကို အသုံးပြု၍ဖြစ်စေ ညှိနှိုင်းဆောင်ရွက်ပေးရန်တိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းပြီး မြိတ်မဲဆန္ဒနယ်မှ ဦးငွေးမြင့်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း၊ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်နှင့် မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းတို့က ဆွေးနွေးကြရာတွင် ပြုပြင်ပြောင်းလဲရေးများကို အမှန်တကယ်ဆောင်ရွက်နေသည့် မြန်မာနိုင်ငံအတွက် ပိတ်ပင်တားဆီးမှုဆောင်ရွက်လျက်ရှိသည့် နိုင်ငံအချို့ကြောင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးလမ်းစဉ်များကို အဟန့်အတားဖြစ်စေပါကြောင်း၊ ထို့ပြင် စီးပွားရေးတိုးတက်မှုနှေးကွေးခြင်းနှင့် ဆုတ်ယုတ်ခြင်းများဖြစ်ပေါ်စေသည့်အပြင် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးကို ထိခိုက်လျက်ရှိပြီး စားဝတ်နေရေးအတွက် မှန်ကန်သောနည်းလမ်းဖြင့် ဝင်ငွေရရှိရေးကိုပါ ထိခိုက်လျက်ရှိပါကြောင်း၊ ပိတ်ဆို့တားဆီးခြင်းများပြုလုပ်လျက်ရှိသော သက်ဆိုင်ရာနိုင်ငံများအနေဖြင့် တားဆီးပိတ်ပင်မှုအားလုံး အမြန်ဖယ်ရှားရေးအတွက် လွှတ်တော်နှင့်ဆောင်ရွက်နိုင်သူ မည်သူ့ကိုမဆို၊ မည်သည့်နည်းလမ်းကို အသုံးပြု၍ဖြစ်စေ အမျိုးသားရေး တာဝန်တစ်ရပ်မှတ်ယူပြီး ပါတီစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲများမထားဘဲ ပြည်သူများအတွက် ပြည်သူ့ဘေးတွင်ရပ်တည်ကာ ညှိနှိုင်းဆောင်ရွက်ပေးသင့်ကြောင်း၊ မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ထွန်းလာမည့် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအပေါ်တွင် ကြီးမားစွာအကျိုးသက်ရောက်မှုရှိသည့် စီးပွားရေးပိတ်ဆို့အရေးယူမှုကို ပြန်လည်ရုပ်သိမ်းခြင်းမရှိသည့်အချက်မှာ ပြည်သူလူထု၏ အကျိုးစီးပွားနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကို ထိခိုက်စေပြီး ဖွံ့ဖြိုးမှုနည်းပါးသည့် ဒေသများမှ တိုင်းရင်းသားများကို အလွန်ထိခိုက်နစ်နာစေပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံအပေါ်ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုအား အမြန်ဆုံးဖယ်ရှားပေးသင့်ပါကြောင်း၊ ယခုအဆိုသည် ထောက်ခံကန့်ကွက် ဆွေးနွေးရုံဖြင့် မလုံလောက်သည့် အဆိုဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အကျေအလည် ညှိနှိုင်းဆွေးနွေးရမည့်အဆိုဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် စီးပွားရေးပိတ်ဆို့မှုများကို ရပ်တန့်လိုက်မည်ဆိုပါက နိုင်ငံသားတို့၏ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် အာမခံချက်ပေးနိုင်ရေး ဆွေးနွေးရန်လိုအပ်ပါကြောင်း၊ အချက်အလက်များ ထည့်သွင်းစဉ်းစားပြီးမှ ထောက်ခံသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုသည် နိုင်ငံတော်၊ ပြည်သူများနှင့် တိုင်းရင်းသားများအတွက် အရေးကြီးသော အဆိုတစ်ခုဖြစ်ပါကြောင်း၊ ယနေ့နိုင်ငံတော်အတွင်းရှိ ပြည်သူများ ဒုက္ခဆင်းရဲရောက်ပြီး လူနေမှုအဆင့်အတန်းနိမ့်ကျနေခြင်းသည် မြန်မာနိုင်ငံအပေါ်ချမှတ်ထားသည့် ကန့်သတ်ပိတ်ဆို့အရေးယူမှုများကြောင့် နိုင်ငံသားပြည်သူများဆင်းရဲမှုအပါအဝင် ဒုက္ခမျိုးစုံကြုံတွေ့နေရပါကြောင်း။

တိုင်းရင်းသားအချင်းချင်း ပဋိပက္ခဖြစ်စေပြီး ငြိမ်းချမ်းရေးဖော်ဆောင်မှုများ



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း ဥပဒေကြမ်း တင်သွင်းစဉ်။ (သတင်းစဉ်)

တွင် အခက်အခဲ အဟန့်အတားများဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ယခုကဲ့သို့ ကန့်သတ်အရေးယူပိတ်ဆို့မှုများသည် မြန်မာနိုင်ငံတွင် ပြောင်းလဲကျင့်သုံးနေသည့် ဒီမိုကရေစီစနစ်ဖော်ဆောင်ရာ၌ များစွာအခက်အခဲ အဟန့်အတားဖြစ်စေပါကြောင်း၊ ထို့ပြင် ဆင်းရဲဒုက္ခများစွာခံစားနေရသည့် လူ့အဖွဲ့အစည်းအတွင်းတွင် တရားဥပဒေစိုးမိုးရေးဖြစ်စေရန်အတွက်လည်း အခက်အခဲများစွာ ဖြစ်ပေါ်လာစေပါကြောင်း၊ ထို့ကြောင့် အဆိုရှင်၏ တင်ပြချက်သည် မိမိအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံအတွင်းရှိ လူပုဂ္ဂိုလ်အဖွဲ့အစည်းအားလုံးနှင့် သက်ဆိုင်သည့်အတွက် ဆောင်ရွက်နိုင်သူများ ပါဝင်ဆောင်ရွက်ရေးမှာ အင်မတန်လိုအပ်သည့် လိုအပ်ချက် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ဆန္ဒရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် အဆိုနှင့် ဆုံးဖြတ်ချက်အတည်ဖြစ်ကြောင်း ကြေညာသည်။

**မေးခွန်းများမေးမြန်းခြင်းကဏ္ဍ** ကို ဆက်လက်ဆောင်ရွက်ရာ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောင်၏ **တည်ဆဲဥပဒေများ ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းရန်အတွက် ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီး အခြေအနေများကို သိရှိလိုကြောင်း** မေးခွန်း၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ပေးပို့ထားသော ဥပဒေကြမ်းမည်မျှရှိ၍ ကြန့်ကြာနေသော ဥပဒေကြမ်းအမည်များကို ထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ်ဦးထွန်းထွန်းဦးက ဖြေကြားရာတွင် **ပထမမေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုလွှတ်တော်က ဥပဒေစုစုပေါင်း (၂၆)ခု ပြဋ္ဌာန်းခဲ့ရာ အသစ်ပြဋ္ဌာန်းသည့် ဥပဒေ(၉)ခု၊ ပြင်ဆင်သည့် ဥပဒေ (၁၀)ခု၊ ရုပ်သိမ်းသည့်ဥပဒေ(၂)ခုနှင့် အစားထိုးပြဋ္ဌာန်းသည့် ဥပဒေ(၅)ခု ပါဝင်ပါကြောင်း၊ ယင်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် စိစစ်အကြံပေးခြင်းနှင့် စိစစ်ရေးသားခြင်းများကို အဓိကပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းဥပဒေမူကြမ်းများကို လွှတ်တော်အသီးသီးကလည်း ဆွေးနွေးအတည်ပြုပေးခဲ့ခြင်းကြောင့် ဥပဒေအဖြစ် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ လွှတ်တော်များပေါ်ပေါက်ချိန်မှစ၍ ၃၀-၆-၂၀၁၂ ရက်နေ့အထိ အခြေအနေမှာ သက်ဆိုင်ရာဝန်ကြီးဌာနများက ရေးဆွဲပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ခဲ့သည့် ဥပဒေ(မူကြမ်း)(၉၆)ခုကို စိစစ်ပြန်ကြားနိုင်ခဲ့ပါကြောင်း၊ ဆောင်ရွက်ဆဲ ဥပဒေ (မူကြမ်း)(၄၂)ခု ရှိပါကြောင်း။

အစိုးရအဖွဲ့က လွှတ်တော်များသို့ စိစစ်အတည်ပြုနိုင်ရန် ပေးပို့ပြီးစီးခဲ့သည့် ဥပဒေ(မူကြမ်း)အမည်နှင့် အရေအတွက်မှာ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက လွှတ်တော်သို့ တင်ပြခြင်းဖြစ်သောကြောင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် မသိရှိနိုင်ပါကြောင်း၊ လွှတ်တော်က အတည်ပြု၍ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြဋ္ဌာန်းပြီးသည့် ဥပဒေများအနက်မှ ယခုထက်တိုင် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများမထုတ်ပြန်နိုင်သည့် အမည်၊ အရေအတွက်များနှင့်စပ်လျဉ်း၍လည်း သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်ဆောင်ရွက်သည့်ကိစ္စဖြစ်ခြင်းကြောင့် လည်းကောင်း၊ ပြဋ္ဌာန်းသည့် ဥပဒေအတိုင်း နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းထုတ်ပြန်ရန် လိုအပ်မည်ဟု တထစ်ချမပြောနိုင်ခြင်းကြောင့်လည်းကောင်း အရေအတွက်မည်ရွေ့မည်မျှရှိသည်ဟု သုံးသပ်ရန်ခက်ခဲမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ စိစစ်ဆောင်ရွက်လျက်ရှိသည့် ဥပဒေကြမ်းများအနက် နှစ်နှင့်ချီ၍ ကြန့်ကြာနေသော ဥပဒေကြမ်းများ မရှိပါသဖြင့် ဖော်ပြရန်မရှိပါကြောင်း ဖြေကြားသည်။

ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်၏ **တောင်သူလယ်သမားတို့၏ ဘဝတိုးတက်လာရေးကို မည်ကဲ့သို့ ထိရောက်စွာ အကောင်အထည်ဖော်ပေးနိုင်မည်ကို ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဖြေကြားရာတွင် လယ်ယာကဏ္ဍတွင် အရင်းအနှီးနည်းပါးသည့် တောင်သူများ များပြားသည့်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ရင်းနှီးမြှုပ်နှံဆောင်ရွက်လာမှသာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်သည့်အတွက် ပုဂ္ဂလိကကုမ္ပဏီများ၊ လုပ်ငန်းရှင်များက ဒေသအလိုက်သီးနှံအထူးပြုကုမ္ပဏီများ ထူထောင်ပြီး တောင်သူများနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆန်စပါးအထူးပြုကုမ္ပဏီများမှ ဈေးကွက်ခိုင်မာမှုနှင့် ဈေးကွက်အလားအလာအရ တင်း(၁၀၀)လျှင် အာမခံဈေး ငွေကျပ်(၄)သိန်းနှုန်းဖြင့် ဝယ်ယူရန်နှင့် အထွက်တိုးစပါးစိုက်ပျိုးသည့် တောင်သူများသို့ တင်း (၁၀၀) လျှင် ငွေကျပ် (၂)သိန်းနှုန်းဖြင့် ကြိုတင်ငွေများ ထုတ်ချေးသည့် အစီအစဉ်များ ဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကကဏ္ဍမှ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်အစိုးရဘက်မှလည်း တောင်သူလယ်သမားများ၏ စပါးစိုက်ပျိုးစရိတ်အား ယခင်ကတစ်ဧကလျှင် ငွေကျပ် (၂၀၀၀၀) နှုန်းဖြင့် ချေးပေးခဲ့ရာမှ ယခု ၂၀၁၂-၂၀၁၃ ခုနှစ်တွင် စပါးတစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း ထုတ်ချေးရန် စီစဉ်ပေးနိုင်ခဲ့ခြင်းဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်များကို တိုးမြှင့်ကူညီပေးလျက်ရှိပါကြောင်း။

လက်ရှိ ဆန်စက်များ၏ ကြိတ်ခွဲနိုင်မှုအရည်အသွေးအရ ဆန်ထွက် (၄၀) ရာခိုင်နှုန်းခန့်သာရှိသဖြင့် ခေတ်မီဆန်စက်ကြီးများဖြင့် ကြိတ်ခွဲနိုင်ပါက ဆန်ထွက် ရာခိုင်နှုန်း (၆၀) ရာခိုင်နှုန်းအထိ တိုးမြှင့်ရရှိလာနိုင်သည့်အပြင် ဆန်အရည်အသွေး ပိုမိုကောင်းမွန်လာမည်ဖြစ်သဖြင့် ဈေးကောင်းရရှိနိုင်မည်ဖြစ်ပြီး စိုက်ပျိုးတောင်သူများအတွက် ဝင်ငွေလည်း ပိုမိုတွက်ခြေကိုက်မည်ဖြစ်ပါကြောင်း၊ သွင်းအားစု ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများနှင့်ပတ်သက်၍ ဈေးကွက်စီးပွားရေးစနစ်အရ ပုဂ္ဂလိကကဏ္ဍမှ တင်သွင်းဖြန့်ဖြူးခြင်းကို ဆောင်ရွက်လျက်ရှိပြီး တောင်သူလယ်သမားများအကျိုးကို ရှေးရှုဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

**ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍ**၌ ၂၀၁၂ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေကြမ်းကို အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက တင်သွင်းပြီး ယင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိမှု အစီရင်ခံစာ



ကို ဥပဒေကြမ်း ကော်မတီဝင် ဒေါက်တာ စိုးမိုးအောင်က ဖတ်ကြားရှင်းလင်းသည်။

ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပြီး ပြင်ဆင်ချက် အဆိုတင်သွင်း ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ "အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ"ကို တိတိကျကျ ဖော်ပြ၍ ဇူလိုင် ၂၂ ရက် နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းနိုင်ကြောင်း သိရသည်။

**ဥပဒေကြမ်း သုံးသပ်တင်ပြခြင်းကဏ္ဍ**၌ အမျိုးသားလွှတ်တော်မှ ပြန်လည်ပေးပို့လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းက ပြန်လည်သုံးသပ်တင်ပြသည်။



သဃ်န်းကျွန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် မေးမြန်းစဉ်။ (သတင်းစဉ်)

ယင်းဥပဒေကြမ်း ကော်မတီ၏ သုံးသပ်တင်ပြချက်နှင့်စပ်လျဉ်း၍ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဇူလိုင် ၂၄ ရက် နောက်ဆုံးထားပြီးအမည်စာရင်း တင်သွင်းနိုင်ကြောင်း သိရသည်။

အစည်းအဝေး၌ မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်း၊ အရေးကြီး အဆို (၁)ခု တင်သွင်းအတည်ပြုခြင်း၊ ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း (၁)ခုသုံးသပ်တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး နဝမနေ့ကို ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**



ဇူလိုင် ၈ ရက်က သာစည်မြို့နယ်တွင် ၂၀၁၂-၂၀၁၃ ခုနှစ် ကျေးလက်အိမ်ရာစိုက်ခင်းများ တည်ထောင်ရေးလုပ်ငန်းအဖြစ် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းထွန်း ဦးဆောင်၍ နယ်မြေခံသစ်တောဝန်ထမ်းများနှင့် ကျေးရွာပြည်သူများ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ (မြန်မာ့အလင်း)

## တစ်ဦးချင်း မော်တော်ယာဉ်တင်သွင်းမှုအစီအစဉ်အရ သွင်းကုန်ပါမစ်ထုတ်ပေးသည့်အစီးရေ ၄၀၀၀ ကျော်ရှိလာ

*နေပြည်တော် ဇူလိုင် ၁၃*

*စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီသည် တစ်ဦးချင်းမော်တော်ယာဉ်တင်သွင်းခွင့် သွင်းကုန်ပါမစ်ထုတ်ပေးခြင်းကို ၂၀၁၂ ခုနှစ် မေ ၁၁ ရက်မှ စတင်၍ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၁၂ ရက် ညနေပိုင်းအထိ မော်တော်ယာဉ်အစီးရေ ၄၁၁၅ စီးကို သွင်းကုန်ပါမစ်ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။*



*စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားသော နိုင်ငံသားများအား ၂၀၀၇ ခုနှစ်နှင့်အထက် မော်တော်ယာဉ်များကို (ခရီးသည်တင်ဘတ်စ်ကားမှအပ) ဘယ်မောင်း/ညာမောင်း မခွဲခြားဘဲ လွတ်လပ်စွာဝယ်ယူတင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ပြီးခဲ့သည့် မေ ၇ ရက်က ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။*

*မူလထုတ်ပြန်ကြေညာစဉ်က "ခရီးသည်တင်ဘတ်စ်ကားမှအပ"ဟု ခြွင်းချက်ထားရှိခဲ့သော်လည်း ယခုအခါ ခရီးသည်တင်ဘတ်စ်ကားများနှင့် ကုန်တင်ယာဉ်များကိုပါ ခွင့်ပြုပေးလျက်ရှိသည်။ သို့သော်လည်း ယခုသွင်းကုန်ပါမစ်ထုတ်ပေးခဲ့သည့် မော်တော်ယာဉ်အစီးရေ ၄၀၀၀ ကျော်တွင် လူစီးယာဉ်ငယ်များသာပါဝင်ပြီး ဘတ်စ်ကားနှင့် ကုန်တင်ယာဉ်များပါဝင်ခြင်းမရှိသေးကြောင်း သိရသည်။*

*တစ်ဦးချင်းမော်တော်ယာဉ်တင်သွင်းခွင့် အစီအစဉ်မတိုင်မီကပင် ယာဉ်အိုယာဉ်ဟောင်းအစားထိုး မော်တော်ယာဉ်တင်သွင်းခွင့်ကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀-၉-၂၀၁၁ ရက်မှ ၁၂-၇-၂၀၁၂ ရက်အထိ မော်တော်ယာဉ်အစီးရေ ၄၆၉၈၇ စီးကို သွင်းကုန်ပါမစ်ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။* ***(အပေါ်ပုံ)***

*တစ်ဦးချင်းမော်တော်ယာဉ်တင်သွင်းခွင့် အစီအစဉ်အရ အသက် (၁၈)နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း မည်သူမဆို ကားတစ်စီးစီတင်သွင်းခွင့် ရရှိကြမည်ဖြစ်ပြီး မော်တော်ယာဉ်တင်သွင်းလိုသူများအနေဖြင့် နိုင်ငံခြားငွေပိုင်ဆိုင်ခြင်းမရှိပါကလည်း ရန်ကုန်မြို့ရှိ နိုင်ငံခြားငွေလဲလှယ်ရေးဌာန (Money Changer) များတွင် နိုင်ငံခြားငွေလဲလှယ်၍ အခက်အခဲမရှိ ငွေစာရင်းဖွင့်လှစ်နိုင်ကြောင်း သိရသည်။*

***တင်ထွေး(သတင်းစဉ်)***

❒ ကျောဖုံးမှ

လွှတ်တော်ကိုယ်စားလှယ် (၃)ဦး၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က **တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** အား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူကြောင်း ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၉-၇-၂၀၁၂ ရက်ထက် နောက်မကျဘဲ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ အေးမောင် တင်သွင်းခဲ့သည့် **တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် ရာထူးအလျောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဖြစ်ပြီးသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထည့်သွင်းဖွဲ့စည်းပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးပေါလ်ထန်ထိုင်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးဂျေယောဂူ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးဆိုင်ပေါင်းနပ်၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇)မှ ဦးတင်မြ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင်နှင့် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်တို့က တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများကို လူဦးရေအပေါ်မူတည်ပြီး အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၎င်းတိုင်းရင်းသားများကိုယ်တိုင် ရွေးချယ်ခွင့်ပြုခဲ့ပါကြောင်း၊ ဤကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းသည် တိုင်းရင်းသားလူမျိုးတိုင်း အခွင့်အရေးအပြည့်အဝ ရရှိနိုင်ရေးအတွက်ဖြစ်ပါကြောင်း၊ ၎င်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို မိမိတို့ ကိုယ်စားပြုသည့် တိုင်းရင်းသားလူမျိုးများ၏ လိုအပ်ချက်များ ပိုမိုကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် မိမိအရွေးခံသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ ဝန်ကြီးများနှင့် အဆင့်တူလုပ်ပိုင်ခွင့်တာဝန်တူအဖြစ် သတ်မှတ်ပေးသင့်ပါကြောင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်လည်းဖြစ်သင့်ပါကြောင်း၊ အဆိုနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ရန် တင်ပြလိုပါကြောင်း၊ အဆိုမှာ မူသဘောအားဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း၊ သို့သော် ဖွဲ့စည်းပုံ



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးစဉ်။ (သတင်းစဉ်)



ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အခြေခံဥပဒေပုဒ်မတွင် ပါဝင်သည့် အချက်များကို ဂဃနဏလေ့လာ၍ ပြန်လည်သုံးသပ်သင့်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများက ပြည်နယ်ဝန်ကြီးများဖြစ်ကြောင်း အတိအလင်းပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာအစည်းအဝေးများမှာ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် မပတ်သက်ပါကြောင်း၊ အခြားဝန်ကြီးများနှင့် သဘောသဘာဝချင်း မတူညီသည့်အတွက် တိုင်းရင်းသားရေးရာဝန်ကြီးများအတွက် တာဝန်များကို ခွဲခွဲခြားခြားပြဋ္ဌာန်းပေးလျှင် သင့်လျော်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိတိကျကျပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် လွှတ်တော်အနေဖြင့် ဆက်လက်ဆောင်ရွက်ရန် မသင့်ပါကြောင်း၊ မလိုအပ်ပါကြောင်းနှင့် အဆိုကို သဘောမတူကြောင်း၊ အဆိုအရ ပြည်ထောင်စုအစိုးရအား တိုက်တွန်းရန် လို/မလို စဉ်းစားသင့်ပါကြောင်း၊ အဆိုကို မှတ်တမ်းအနေဖြင့်သာ ထားရှိသင့်ပြီး ဆောင်ရွက်ရန် မလိုသေးပါကြောင်းစသည်ဖြင့် ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌများနှင့်ပတ်သက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများနှင့် ပတ်သက်၍ ဝန်ကြီးတာဝန်ပေးမှု အမျိုးအစား(၃)မျိုး တွေ့ရှိပါကြောင်း။

တိုင်းရင်းသားလူမျိုးအသီးသီးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် အနှံ့အပြားနေထိုင်လျက်ရှိပါကြောင်း၊ စုစုစည်းစည်းရှိသော တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ဖွဲ့စည်းထားရှိပါကြောင်း၊ စုစုစည်းစည်းမရှိသော်လည်း နိုင်ငံတော်ရှိလူဦးရေစုစုပေါင်း၏ ဝဒသမ ၁ ရာခိုင်နှုန်းနှင့်အထက်ရှိသည့် တိုင်းရင်းသားလူမျိုးများအတွက် လူမျိုးတစ်မျိုးလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီကို ရွေးကောက်တင်မြှောက်ပြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအဖြစ် တာဝန်ပေးအပ်ပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးတွင် အစိုးရအဖွဲ့များ ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများသည် သက်ဆိုင်ရာနယ်မြေတွင် မိမိတို့ကိုယ်စားပြုသည့် တိုင်းရင်းသားလူမျိုးများ၏ အရေးအရာများ ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေက ထပ်ဆောင်း၍ အခွင့်အရေးပေးထားခြင်းဖြစ်ပါကြောင်း။

တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအနေဖြင့် မိမိတို့၏တိုင်းရင်းသားများရှိရာဒေသအနှံ့အပြားသို့ ဆက်သွယ်သွားလာကာ တိုင်းရင်းသားရေးရာများ ဆောင်ရွက်ရန်ရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတစ်ဦးသည် မိမိ၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အဆင်ပြေသည့်နေအိမ်၌ နေထိုင်ခွင့်ရှိမည်ဖြစ်ပြီး ယင်းနေအိမ်အတွက် ရေ၊ လျှပ်စစ်မီး သုံးစွဲခွင့်ကိုလည်းကောင်း၊ တယ်လီဖုန်းသုံးစွဲခွင့်ကိုလည်းကောင်း၊ သွားလာရေးအတွက်ယာဉ်ကိုလည်းကောင်း နိုင်ငံတော်စရိတ်ဖြင့် ကျခံသုံးစွဲခွင့်ရှိမည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၏ ခံစားခွင့်များကို ဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသော်လည်း ယင်းတို့ထမ်းဆောင်ရမည့် တိုင်းရင်းသားလူမျိုးရေးရာများကို ဆောင်ရွက်ရန်တာဝန်ကိုမူ သတ်မှတ်ပြဋ္ဌာန်းခြင်းမရှိသေးဘဲ ယေဘုယျအားဖြင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးသည် မိမိကိုယ်စားပြုသော တိုင်းရင်းသားများ၏ အရေးအရာများဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က အစည်းအဝေးများသို့ တက်ရောက်ရန်ဖိတ်ကြားလာပါက တက်ရောက်ရမည်ဖြစ်သော်လည်း မူလတာဝန်ဖြစ်သည့် တိုင်းရင်းသားအရေးအရာများ ဆောင်ရွက်



ဒုတိယရှေ့နေချုပ် ဦး ထွန်း ထွန်း ဦး ပြန်လည် ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

ရမည့် တာဝန်ကိုမူ လစ်ဟင်းမှုမရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးများသို့ တိုင်းရင်းသားအရေးအရာများ တင်ပြလိုပါကလည်း ဝန်ကြီးချုပ်၏ ခွင့်ပြုချက်ဖြင့်အစိုးရအဖွဲ့ အစည်းအဝေးသို့ တက်ရောက်တင်ပြနိုင်မည် ဖြစ်ပါကြောင်း။

သို့ဖြစ်၍ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတစ်ဦးကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့်များ ပေးအပ်ထားသည့်ပြင် လုပ်ငန်းတာဝန်အလိုက် စရိတ်၊ ချီးမြှင့်ငွေနှင့် အဆောင်အယောင်များကိုလည်း မျှတစွာခံစားခွင့်ရှိစေရန် ပြဋ္ဌာန်းခဲ့ပြီး ၎င်းတို့၏လစဉ်ချီးမြှင့်ငွေမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများနှင့်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်နှင့်လည်းကောင်း ထပ်တူခံစားခွင့်ပြုထားသည်ကို တွေ့ရှိရပါကြောင်း၊ ဥပဒေမူကြမ်း စိစစ်ရေးလုပ်ငန်းအဖွဲ့သည် ဥပဒေမူကြမ်းများကို ရေးဆွဲရာ၌ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများ၏ ခံစားခွင့်၊ အဆောင်အယောင်များကို နှိမ့်ချသတ်မှတ်ခြင်းမျိုး မဟုတ်ဘဲ ယင်းတို့ထမ်းဆောင်ရသည့် လုပ်ငန်းတာဝန်များနှင့် လျော်ညီစေရန် စေတနာဖြင့် စဉ်းစားချင့်ချိန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြဋ္ဌာန်းချက်များအရ တွေ့ရှိရပါကြောင်း။

ဥပဒေဆိုသည်မှာ ခြုံငုံရေးသားရသည့်သဘောရှိသဖြင့် ပိုမိုရှင်းလင်းပြည့်စုံစေရေးအတွက် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်စသည်များ ထုတ်ပြန်ဆောင်ရွက်နိုင်ခွင့်ရှိပါကြောင်း၊ ထို့ပြင် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်အနေဖြင့် သက်ဆိုင်ရာဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ထမ်းဆောင်ရမည့် တာဝန်၊ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် ဦးစီးအဖွဲ့ဝင်များ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်အနေဖြင့် လမ်းညွှန်မှုများ ချမှတ်ပေးမည်ဆိုပါက သက်ဆိုင်ရာဥပဒေများအလိုက် ထုတ်ပြန်ပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းများက လိုအပ်သလို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ တာဝန်နှင့် လုပ်ပိုင်ခွင့်အသီးသီးကို သတ်မှတ်ထုတ်ပြန်နိုင်ရန် လမ်းညွှန်မှုများချမှတ်ရေးအတွက် စဉ်းစားမည်ဆိုပါက ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေရန် ပြည်ထောင်စုလွှတ်တော်မှ ကော်မတီ၊ ကော်မရှင်များဖွဲ့စည်း၍ တာဝန်အပ်နှင်းဆောင်ရွက်စေသင့်ပါကြောင်းနှင့် အစိုးရအဖွဲ့က ထုတ်ပြန်ပြဋ္ဌာန်းရမည်ဆိုပါကလည်း ပြည်ထောင်စုလွှတ်တော်မှ ချမှတ်ပေးသည့် လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အဆိုနှင့် စပ်လျဉ်း၍ တင်ပြပါ အကျိုးအကြောင်းများအရ စဉ်းစားချင့်ချိန်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသဖြင့် အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုနှင့် စပ်လျဉ်း၍ အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အေးမောင်က အဆိုကို ပြန်လည်ရုပ်သိမ်းလိုခြင်းမရှိကြောင်း၊ လွှတ်တော်က မဲခွဲဆုံးဖြတ်ပေးစေလိုကြောင်း တင်ပြသည်။

ယင်းအဆိုကို လွှတ်တော်က စက်ခလုတ်နှိပ်၍ ဆန္ဒမဲပေးသည့်နည်းလမ်းဖြင့် ဆန္ဒရယူရာ အဆိုကို အတည်မပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ရပ်နားလိုက်ပြီး နဝမနေ့အစည်းအဝေးကို ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်း၊ ဥပဒေကြမ်း(၁)ခု ဆွေးနွေးခြင်း၊ ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းနှင့် အဆို(၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၁၄**

၂၀၁၂ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပြင်သစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လောရင့် ဖာဘီယပ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဒေသခံများအတွက် အလှူငွေပေးပို့လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၃**

ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့အစည်းဝင်များ၊ ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၃၆သိန်းကို ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများလှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၃**

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့ဝင်များက ငွေကျပ်ဆယ့်သုံးသိန်း၊ သာကေတမြို့နယ် ကျူရှင်ဆရာ ဆရာမများ လူမှုကူညီစောင့်ရှောက်ရေးအသင်းက ငွေကျပ်ခုနစ်သိန်း၊ ဗုဒ္ဓဓမ္မစာပေ ပြန့်ပွားရေး စုပေါင်းအလှူရှင်များ၊ သာကေတမြို့နယ်က ငွေကျပ်တစ်သိန်း၊ ဆရာတော် ဦးကဝိဇေက ငွေကျပ် တစ်သိန်း၊ ခင်မောင်ညွှန့်ကုမ္ပဏီမှ လျှပ်စစ်ဝန်ထမ်းများက ငွေကျပ်နှစ်သိန်း တစ်သောင်း၊ ဦးခင်မောင်အုန်း-ဒေါ်မြင့်မြင့်အေးမိသားစုက ငွေကျပ်တစ်သိန်းနှင့် အဝတ်အထည်လေးအိတ်၊ဒုတိယအရာခံဗိုလ်ဝမ်းကြည်- ဒေါ်မြတ်လေးဝင်း တပ်မတော် နည်းပညာတက္ကသိုလ် ပြင်ဦးလွင်က ငွေကျပ်သုံးသောင်း၊ ဦးမြင့်သန်း-ဒေါ်သန်းသန်းမြင့် မိသားစုက ငွေကျပ် တစ်သိန်းငါးသောင်းနှင့် အဝတ်အထည် တစ်ထုပ်၊ ကျိုက္ကဆံရဲရိပ်သာက အဝတ်အထည်နှစ်ထုပ်၊ ဦးကျော်ကြား-ဒေါ်ညိုဝင်းမို့မို့၊ သမီး မရွှေရည်ဝင်းမို့မို့ မိသားစုက ငွေကျပ်တစ်သိန်းနှင့် အဝတ်အထည် နှစ်ပုံး၊ မီးဖိုချောင်သုံး ပစ္စည်းတစ်ပုံး၊ ဒေါ်ကေသီက အဝတ်အထည်နှစ်ထုပ်၊ မဖြူဖြူဟာန်က ငွေကျပ်သုံးထောင်နှင့် အဝတ်အထည်တစ်ထုပ်၊ ကိုဇော်ထွန်းက ငွေကျပ်သုံးသောင်းနှင့် အဝတ်အထည်နှစ်ထုပ်၊ ဒေါ်မြမြသန်းက အဝတ်အထည် လေးထုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အထိ အလှူငွေရရှိမှုမှာ ငွေ ၂၈၅၉၅၇၉၂၃ ကျပ် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရခိုင်ပြည်နယ်ဒေသခံ ပြည်သူများအတွက် မီးသတ်ဦးစီးဌာန (ရုံးချုပ်)၌ အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများကို အလှူရှင်များက ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ မိုင်းဆတ်မြို့နယ်၌ ပေးအပ်

**မိုင်းဆတ် ဇူလိုင် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျဒယ်ကျေးရွာအုပ်စု ၁၀ မိုင်ချောင်းဆုံကျေးရွာတွင် မိုးပွင့်အဆင့်(၃)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇူလိုင် ၉ ရက် နံနက် ၁၁ နာရီက အဆိုပါ ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိုးက ကျေးရွာပြည်သူများအား မိုးပွင့်အဆင့်(၃)စီမံချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီးနောက် အသက် (၁၀)နှစ်ပြည့်၊ အသက် (၁၈) နှစ်ပြည့် ၆၄ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ်လဝက)**

# ရပ်တင်မောင်းစနစ် ခရီးသည်များအတွက် အဆင်ပြေ



*ရန်ကုန် ဇူလိုင် ၁၃*

*ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းရန်အတွက် လမ်းဆုံများနှင့် နီးကပ်သော နေရာများတွင်ရှိသောဘတ်စ်ကားမှတ်တိုင်များကို နေရာပြောင်းရွှေ့ပေးခြင်း၊ နေရာပြောင်းရွှေ့၍မရသော ဘတ်စ်ကားမှတ်တိုင်များတွင် ရပ်သော ဘတ်စ်ကားများအား ရပ်တင်မောင်းစနစ်ဖြင့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီက မောင်းနှင်စေလျက်ရှိသည်ကို တွေ့ရှိရသည်။ ရပ်တင်မောင်းစနစ်ဖြင့် လိုက်လျောညီထွေဖြစ်သော ဘယ်မောင်းယာဉ် ပါရမီ၊ အဓိပတိဘတ်စ်ကားများသည် ipay ကတ်စနစ်သုံးရာတွင်လည်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။ ထို့ပြင် အတက်အဆင်း တံခါးများသည်လည်း ရှေ့နောက်သီးခြားစီရှိသဖြင့် ခရီးသည်များ အဆိုပါကားများကို စီးနင်းရသည်ကို စိတ်ကျေနပ်မှုရှိကြောင်း သိရှိရသည်။* ***တင်အောင်(လှည်းတန်း)***

# ဆန်စပါးသီးနှံအပေါ် စိုက်လိုအားနှင့်ဝင်ငွေတိုးတက်စေရေး အစွမ်းကုန်အားပေးကူညီပေးကြရမည်

## ကမ္ဘာ့ဈေးကွက်ဝင် ဆန်ကောင်းများထုတ်လုပ်ရေး ယခုထက်ပိုမို ကြိုးစားဖော်ဆောင်

နေပြည်တော် ဇူလိုင် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့တွင် ငလိုက်ဆည်ရေသောက် ညောင်ပင်ကြီးစုကျေးရွာ တစ်ဆက်တစ်စပ်တည်း အိန္ဒိယစပ်မျိုးနေကြာ ၁၀ ဧက သုတေသနစိုက်ခင်းနှင့် ဘာစမာတီအိန္ဒိယစပ်မျိုးစပါးသုတေသန စမ်းသပ်စိုက်ကွင်းများသို့ရောက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ၅၃ ရက်သားသက်တမ်း အိန္ဒိယစပ်မျိုးနေကြာ စိုက်ခင်းဖြစ်ထွန်းအောင်မြင်မှုများ၊ တစ်ဧကနေကြာ တင်း ၅၀ ထွက်ရှိနိုင်ပြီး ဆီကြိတ်ပါက စားသုံးဆီသန့်ပိဿာ ၂၀၀ ကျော်ရရှိနိုင်မှုကို ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက ရိတ်သိမ်းခြွေလှေ့ပြီး ဆီကြိတ်ဝါးသည်အထိ အမှန်တကယ် တစ်ဧကေကုန်ကျစရိတ်၊ တစ်ဧကေဝင်ငွေနှင့် တွက်ခြေကိုက်မှုများကို မှတ်တမ်းပြုစုတင်ပြရန် မှာကြားသည်။

ဆက်လက်၍ ဘာစမာတီ အိန္ဒိယစပ်မျိုး ၆၃ ရက်သား သက်တမ်းရှိ ဖြစ်ထွန်းအောင်မြင်နေသော သုတေသနစိုက်ခင်းအား ကြည့်ရှုပြီး တစ်ဧကေကုန်ကျစရိတ်၊ အထွက်နှုန်း၊ အစေ့ဆန်ကြိတ်ခွဲပြီး ဈေးကွက်တွက်ခြေကိုက်မှုကို သုတေသနပြုဆောင်ရွက်ကြရန်မှာကြားသည်။

ထိုမှတစ်ဆင့် ဇေယျာသီရိမြို့နယ် အောင်ဇေယျစံပြကျေးရွာအနီးရှိ ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်း တစ်ဆက်တည်း ၃၆ ဧကသို့ရောက်ရှိရာ စိုက်ခင်းတာဝန်ခံ ကျေးရွာအုပ်စုမန်နေဂျာက သက်တမ်း ၉၃ ရက်သား ပုလဲသွယ်စပ်မျိုးစပါး စိုက်ခင်းအတွင်း တစ်ဧကေတင်း ၁၅၀ ထွက်ရှိမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အစ-အလယ်-အဆုံး ရိတ်သိမ်း ခြွေလှေ့ချိန်အထိ အလေအလွင့်အဆုံးအရှုံးနည်းစေရန်၊ ပုလဲသွယ်စပ်မျိုးစပါးသည် ဇေယျာသီရိမြို့နယ်အတွင်း ရေမြေရာသီဥတုကိုက်ညီမှု အခြေအနေနှင့် တောင်သူလယ်သမားများ ဝင်ငွေတွက်ခြေကိုက်မှုကို တိုးချဲ့စည်းရုံးပညာပေးဆောင်ရွက်ကြရန်နှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရန် စပါးအပြင် အခြား ပဲ၊ နေကြာနှင့် အစေ့ထုတ်ပြောင်း သီးနှံများကို သီးထပ်သီးညှပ် စိုက်ပျိုးဆောင်ရွက်နိုင်ရေး ပညာပေးဆောင်ရွက်ကြရန် မှာကြားပြီး စိုက်ကွင်းတာဝန်ခံများအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုငွေများ ထောက်ပံ့ချီးမြှင့်သည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာရှိ တောင်သူပညာပေး ကြံသီးနှံစိုက်ခင်းသို့ ရောက်ရှိရာ ငါးလသား သက်တမ်း ကြံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ထွက်ရှိလာမည့် ကြံမျိုးကောင်း မျိုးသန့်များကို နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ကြံသီးနှံဖြစ်ထွန်းအောင်မြင်သည့် သကြားစက်တည်ရှိရာ မြို့နယ်များသို့ မျိုးကောင်းမျိုးသန့်အဖြစ် ဖြန့်ဖြူးစိုက်ပျိုးအကောင်အထည်ဖော်ရန်၊ ကြံသီးနှံဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ ထက်ကြီးမားသော မျိုးသန့်မျိုးပွား ကြံမျိုးသန့်စိုက်ခင်းကြီးများ ထူထောင် အကောင်အထည်ဖော်ရန်၊ လုပ်ငန်းများကို လာမည့်ကြံသီးနှံ ရိတ်သိမ်းချိန် မျိုးပွားချိန်ကာလတွင် အကောင်အထည်ဖော်နိုင်ရေး ယခုကတည်းက ကြိုတင်စီမံလုပ်ဆောင်ရန် မှာကြားပြီး ဖြစ်ထွန်းအောင်မြင်နေသော ကြံစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သပြေပင်ကျေးရွာအနီး စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများပူးပေါင်း သုတေသနပြု စိုက်ပျိုးထားသော တစ်ဧကေတင်း ၁၀၀ ထွက်မည့် ရေဆင်း (၆)စပ်မျိုး အစေ့ထုတ်ပြောင်းသီးနှံ တောင်သူပညာပေးစိုက်ခင်း ၁၅ ဧက ပြောင်းခင်းများကို ကြည့်ရှုသည်။

### အားပေးကူညီ

ပြည်ထောင်စု ဝန်ကြီးသည် စိုက်ကွင်းများအလိုက် မှာကြားရာတွင် နိုင်ငံတော်၌လူဦးရေ ၇၀ ရာခိုင်နှုန်း မှီတင်းအားထားရာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်ကို ပညာရှင်များ အနေဖြင့် တောင်သူလယ်သမား ဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေး (Farmer Center Development) ဆိုသည့် ရည်မှန်းချက် တိတိကျကျ ခိုင်မာစွာ ချမှတ်ပြီး တောင်သူလယ်သမားများ လက်တွေ့ဝင်ငွေနှင့် လူမှုဘဝတိုးတက်စေရန် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မျိုးပြောင်းလဲအသုံးပြုကြရန် နည်းလမ်းအပါအဝင် သိပ္ပံနည်းကျ စိုက်နည်းစနစ်များနှင့် အကျွမ်းတဝင်ရှိစေရန် တောင်သူပညာပေးစိုက်ကွင်းများကို သီးနှံအမယ်အလိုက် ကျေးရွာ၊ မြို့နယ်များတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဌာနတို့မှ တစ်ဆက်တစ်စပ်တည်းပညာပေးစိုက်ကွင်းများ ထူထောင်အကောင်အထည်ဖော်ပြီး ပညာပေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဆန်စပါးသီးနှံသည် နိုင်ငံတော်၏ အဓိက စားသုံးသော နိုင်ငံသီးနှံဖြစ်သည့်အတွက် တောင်သူများ ဆန်စပါးသီးနှံအပေါ် စိုက်လိုအားတိုးတက်ရေး၊ အကျိုးစီးပွားဖြစ်ထွန်းရေး၊ ဝင်ငွေတိုးတက်စေရေး အစွမ်းကုန်အားပေးကူညီပေးကြရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၌ ရာသီဥတုဖောက်ပြန်နေမှု အန္တရာယ်အပါအဝင် လူဦးရေတိုးတက်များပြားလာ၍ စားရေရိက္ခာဖူလုံမှုကို အထူးအရေးထား၍ (Food Security) ခေါင်းစဉ်ဖြင့် အစိုးရတိုင်း အာရုံစိုက်ကြိုးစားနေသည့် အခြေအနေမျိုးတွင် မြန်မာ့ဆန်စပါးသီးနှံကို ကမ္ဘာ့ဈေးကွက်၌ နေရာပြန်လည်ရရှိရေး ခေတ်မီဆန်စက်ကြီးများထူထောင်ပြီး အရည်အသွေးနှင့် အကျိုးအကြေနည်းသော ကမ္ဘာ့ဈေးကွက်ဝင် ဆန်ကောင်းများ ထုတ်လုပ်ရေးကို ယခုထက်ပိုမို ကြိုးစားအကောင်အထည်ဖော်ကြရမည် ဖြစ်ကြောင်း၊ တောင်သူများ၏ အဘက်ဘက်မှ လိုအပ်ချက်များအပေါ် အစိုးရအနေဖြင့် ရာနှုန်းပြည့်မဖြည့်ဆည်းပေးနိုင်သေးသည့်အပေါ် ပုဂ္ဂလိကအခန်းကဏ္ဍနှင့် ပြည်ပချေးငွေ အကူအညီများရယူပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အရှိန်မြှင့်တင်ဆောင်ရွက်ရာတွင် ပညာရှင်များအနေဖြင့် မိမိတို့၏ တာဝန်အရေးကြီးမှုကို အလေးအနက်ခံယူကာ ယခုထက်ပိုမိုတိုးတက်ကြိုးစားဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ အခြေခံအားဖြင့် အစိုးရကဏ္ဍ၊ လုပ်ငန်းရှင်ကဏ္ဍ၊ ပြည်သူလူထုကဏ္ဍအသွင်သဏ္ဌာန်ဖြင့် အနှစ်သာရရှိရှိ စည်းလုံးညီညွတ်စွာ ကြိုးပမ်းအကောင်အထည်ဖော်ခြင်းအားဖြင့် လယ်ယာကဏ္ဍကို မြှင့်တင်ပေးနိုင်ခြင်းနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝကို မြှင့်တက်စေရေး စိတ်ကောင်းစေတနာဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဇေယျာသီရိမြို့နယ် အောင်ဇေယျစံပြကျေးရွာအနီးရှိ ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်ဆက်တည်း ၃၆ ဧက၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



# ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များလှူဒါန်း

နေပြည်တော် ဇူလိုင် ၁၃

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏နေအိမ်များ၊ ပစ္စည်းဥစ္စာများပျက်စီးဆုံးရှုံးခဲ့သဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန(ရုံးချုပ်)တွင် လာရောက်လှူဒါန်းလျက်ရှိသည်။

ဇူလိုင် ၆ ရက်တွင် ဦးတင်ထွန်း-ဒေါ်ယဉ်ယဉ်နုအမှတ်(၇၀၈) ပေါင်းလောင်း (၁၉)လမ်း ပျဉ်းမနားမြို့မှ ငွေကျပ်နှစ်သိန်းတစ်သောင်း သုံးထောင့်ရှစ်ရာတန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ ဇူလိုင် ၉ ရက်တွင် မောင်ပြည့်ဖြိုးခန့် အထက(၂)ဒဂုံ မြို့မကျောင်း ရန်ကုန်မြို့မှ အလှူငွေကျပ်တစ်သိန်း၊ ဇူလိုင် ၁၀ ရက်တွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း တပ်ကုန်းသကြားစက် စက်ရုံမှူး ဗိုလ်မှူးမျိုးအောင်(ငြိမ်း)နှင့် ဝန်ထမ်းမိသားစုက အလှူငွေကျပ် တစ်သိန်းခုနစ်သောင်းနှင့် ငွေကျပ်နှစ်သိန်းရှစ်သောင်း ရှစ်ထောင့်ခုနစ်ရာတန်ဖိုးရှိ အဝတ်အထည်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများ၊ ဦးမင်းမင်း(ကုန်သည်)-ဒေါ်မိုးသူဇာ(အလယ်တန်းပြ)(အထက-၁)၊ သား မောင်ဟိန်းဇေယျာထွန်း၊ သမီး မမေမြတ်ဘုဏ်း မိသားစု (X-1-EMO-Punk Fashion) မိသားစုက ငွေကျပ် ငါးသိန်းရှစ်သောင်းသုံးထောင်တန်ဖိုးရှိ အဝတ်အထည်အသစ်မျိုးစုံ၊ ဇူလိုင် ၁၁ ရက်တွင် ဒေါ်ဥမ္မာအေးသစ် သီပေါမြို့နယ်မှ ငွေကျပ် သုံးသောင်းခုနစ်ထောင့်ငါးရာတန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ ဇူလိုင် ၁၃ ရက်တွင် နေပြည်တော် (CRAZY ENGLISH CLUB) သင်တန်းမှူး ဦးသန်းဆွေနှင့် သင်တန်းသား သင်တန်းသူများနှင့် စက်မှုဝန်ကြီးဌာနမှ မိသားစုများက ငွေကျပ်တစ်သိန်းငါးသောင်းနှစ်ထောင်နှင့် ငွေကျပ်နှစ်သောင်းတစ်ထောင့်ရှစ်ရာတန်ဖိုးရှိ အဝတ်အထည်မျိုးစုံတို့ကို လာရောက်လှူဒါန်းကြရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် တာဝန်ရှိသူများကလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက်နေ မိခင်ဒေါ်တင်ရွှေ (ကျောက်တံခါးမြို့)အားရည်စူး၍ ဗိုလ်မှူးကြီးတင်ရှိန် (ငြိမ်း)-ဇနီး ဒေါ်အေးမွန်ရှိန် မိသားစုက တစ်နေ့လုံးစာ အထူးအာဟာရကျွေးမွေးရန်နှင့် ထာဝရအထွေထွေပဒေသာပင်အတွက် အလှူငွေကျပ်ခြောက်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။**

(မြန်မာ့အလင်း)



**နွားထိုးကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ မိုးပွင့်စီမံချက်အဆင့်-၃ဖြင့် ရွာကြီးအုပ်စုတွင် ဇူလိုင် ၈ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးရာ ခရိုင်ဦးစီးဌာနမှူး ဦးမြင့်ရွှေ နိုင်ငံသားဆိုင်ရာလုပ်ငန်းများ ရှင်းလင်းပြောကြားစဉ်။** (ဝ၄ဝ)



**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

# လယ်ဝေးမြို့နယ်မှ တောင်သူများ ရွှေဖရုံစိုက်ပျိုးပြီး ဝင်ငွေတိုး

**သတင်းနှင့်ဓာတ်ပုံ ➤ မင်းရဲမာန်(နေပြည်တော်)**

လယ်ဝေး ဇူလိုင် ၁၃

နေပြည်တော်ကောင်စီနယ်မြေမှ လယ်ဝေးမြို့၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် ပတ်လည်တွင် စပါးကို အဓိကအားထား စိုက်ပျိုးသကဲ့သို့ ယာမြေကွက်များတွင် မတ်ပဲ၊ ပဲစင်းငုံ၊ ပြောင်း စသည့် နှံစားသီးနှံများကို စိုက်ပျိုးလေ့ရှိသည်။

စာရေးသူသည် ဒေသသီးနှံထွက်ကုန်များကိုလေ့လာရန် လယ်ဝေးမြို့နယ် အရှေ့တောင်ဘက် ကူသပိတ်ကျေးရွာရှိ ရွှေဖရုံစိုက်ခင်းရှင် ဒေါ်ဝင်းကြည်၏ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော ရွှေဖရုံစိုက်ခင်းသို့ ရောက်ရှိခဲ့သည်။ စိုက်ခင်းရှင် တောင်သူ ဒေါ်ဝင်းကြည်က "ဒီနှစ်မှာ ရွှေဖရုံသီးသန့် ငါးဧက စိုက်ပျိုးထားပါတယ်။ ရွှေဖရုံကို တန်ခူးလမှာ စတင်စိုက်ပျိုးပြီး ဝါဆိုလမှာ ခူးဆွတ်ရပါတယ်။ အောင်မြင်ဖြစ်ထွန်းဖို့အတွက် အဓိကကတော့ မြေသြဇာနိုင်နိုင်ကျွေးရပြီး အခင်းထဲမှာရှိတဲ့ ပေါင်းပင်၊ မြက်ပင်တွေကို အလုပ်သမတွေနဲ့ ရှင်းလင်းပေးရပါတယ်။ စတင်စိုက်ပျိုးတဲ့အခါမှာ ယာမြေထွန်ခ၊ မြေသြဇာစရိတ်နဲ့ ပေါင်းရှင်းခတွေ စုစုပေါင်းငွေကျပ် ခုနစ်သောင်း ရှစ်သောင်းလောက် ကုန်ကျပါတယ်။ အောင်မြင်ဖြစ်ထွန်းတဲ့အခင်းမှာ တစ်ဧကမှာ ရွှေဖရုံသီးအလုံးရေ ၈၀၀ မှ ၉၀၀ အထိ အများဆုံးထွက်ရှိပါတယ်။ ရောင်းဈေးကတော့ ရွှေဖရုံသီး အကြီးအသေးပေါ်မူတည်ပြီး တစ်လုံးကိုငွေကျပ် ၃၀၀ မှ ၁၀၀၀အထိ ရပါတယ်။ ရွှေဖရုံသီးအလုံးရေ သောင်းပြောင်းဆိုရင် တစ်လုံးကို ငွေကျပ် ၅၀၀ နှုန်းနဲ့ ရောင်းပါတယ်။ တစ်ဧက၏ ပျမ်းမျှအမြတ်ဟာ ငွေကျပ်နှစ်သိန်းခန့်ရှိပါတယ်"ဟု ရွှေဖရုံသီးစိုက်ခင်းရှင် ဒေါ်ဝင်းကြည်က ရှင်းပြသည်ကို မှတ်သားခဲ့ရသည်။



တောင်သူတို့ဝင်ငွေတိုးစေသည့် ရွှေဖရုံသီးများပင်။ **(အပေါ်ပုံ)**

ရွှေဖရုံသီးများကို လယ်ဝေးမြို့နယ် အရှေ့တောင်ဘက်ရှိ သဲကောကြီးကျေးရွာ၊ သဲကောလေးကျေးရွာနှင့် ကူသပိတ်ကျေးရွာတို့တွင် အများအပြားစိုက်ပျိုးကြပြီး နေပြည်တော်မှ မိတ္ထီလာ၊ ကျောက်ဆည်၊ မန္တလေးမြို့များသို့ လည်းကောင်း၊ နေပြည်တော်မှ ဖြူး၊ တောင်ငူ၊ ပဲခူး၊ ရန်ကုန်မြို့များသို့ လည်းကောင်း တင်ပို့လျက်ရှိကြောင်း သိရသည်။ ယခုအချိန်တွင် လယ်ဝေးမြို့နယ် ဒေသခံများ ရွှေဖရုံစိုက်ပျိုးရေးလုပ်ငန်းဖြင့် အဆင်ပြေလျက်ရှိရာ ရွှေဖရုံစိုက်ပျိုးပြီး ဝင်ငွေတိုးလျက် ရှိပါကြောင်း။ ။

# ဒုတိယဝန်ကြီးဦးဌေးအောင် ထိုင်းနိုင်ငံ၌ အစည်းအဝေးတက်ရောက်ခဲ့

## မြန်မာနိုင်ငံ၏ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း မဟာဗျူဟာကဏ္ဍ ရှင်းလင်း

**နေပြည်တော် ဇူလိုင် ၁၃**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်သည် ဇူလိုင် ၇ ရက်မှ ၉ ရက်အထိ ထိုင်းနိုင်ငံ Chulalongkorn University မှ ဦးစီးကျင်းပသော Sasin Bangkok Forum သို့တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၇ ရက်တွင် Sasin Bangkok Forum ကျင်းပမည့် ဗန်ကောက်မြို့ Plaza Athenee ဟိုတယ်သို့ ရောက်ရှိကာ ညပိုင်းတွင် နှုတ်ဆက်ညစာစားပွဲသို့ တက်ရောက်သည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် Sasin Bangkok Forum ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး" Asia on the Rise:Be Cheerful or Be Fearful"ဆွေးနွေးပွဲသို့ ဆက်လက်တက်ရောက်သည်။ ယင်းနောက် Luncheon Talk တွင် ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံ၏ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမဟာဗျူဟာကဏ္ဍကို ရှင်းလင်းတင်ပြပြီး တက်ရောက်သူများ၏ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

**တက်ရောက်**

ညပိုင်းတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Kittiratt Na Ranong နှင့်အတူ " The Internationalization of the Renminbi and Future of Asia'a Economies" ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဇူလိုင် ၉ ရက်တွင် အစီအစဉ်အလိုက် ကျင်းပသော ဆွေးနွေးပွဲများသို့ တက်ရောက်ပြီး ညနေပိုင်းတွင် Bloomberg TV မှ စီစဉ်သော " Are We Ready for the Asian Century?" ဆွေးနွေးပွဲကို ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး H.E. Kittiratt Na Ranong၊ စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး H.E. Tharman Shanmugaratnam၊ အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Bayu Krisnamurthi တို့နှင့်အတူ တက်ရောက်ပြီး ဆွေးနွေးမေးမြန်းခြင်းများကို ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပျဉ်းမနားမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၁၃**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ၂၀၁၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၅ ရက်က အထက(၃) ကျောင်းဝင်းအတွင်း၌ ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ နေပြည်တော်သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတက်တိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး စိန်တံချူ ကျွန်း၊ စက္ကူပန်း၊ စိန်ပန်းလေး၊ စွယ်တော်၊ ရေတမာ၊ တမာ၊ အော်ရီးရှား၊ ဆီသပြေ၊ မန်ကျည်း၊ စိန်ပန်းကြီး၊ ကံ့ကော်၊ ခရေ မဟော်ဂနီ၊ မယ်ဇယ်သစ်ပင် စုစုပေါင်း ၅၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြို့နယ် ထွေ/အုပ်)**





**ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တေဇာသီရိခန်းမ၌ ဇူလိုင် ၉ ရက်က ပုသိမ်ခရိုင် ဦးစီးဌာနမှူး ဦးကိုကိုလတ်၊ မြို့နယ်ဦးစီးဌာနမှူး ဦးအောင်ဝင်းသိန်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်မာအေးတို့ကြီးကြပ်၍ မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။** (မင်းဇော်ဦး)

# ရွှေဘို-ရေဦးလမ်း ပေ ၆၀ ဘေလီတံတား

## တရားမဝင်သစ် တန်ပိုတင်ဆောင်မှုကြောင့် ကျိုးကျပျက်စီး

**နေပြည်တော် ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ရွှေဘို-ညောင်ပင်သာ-ရေဦး လမ်းမိုင် (၁၆/၀-၁၆/၁) ကြားရှိ တံတားအမှတ်(၁/၁၇)၏ လမ်းလွှဲ တံတားအရှည်ပေ ၆၀ တစ်လွှာ တစ်ထပ် ဘေလီသံပေါင် ယာယီတံတားပေါ်သို့ ဇူလိုင် ၅ ရက် နံနက် ၂ နာရီခန့်တွင် ယာဉ်မောင်းဦးလှအောင် မောင်းနှင်လာသော သစ်ခွဲသား ၂၀ တန်ခန့် တင်ဆောင်လာသည့် ၁၀ ဘီး ယာဉ်အမှတ် ၅ခ/----- ဖြတ်သန်းစဉ် တံတားကျိုးကျပျက်စီးသွားခဲ့သည်။ **(ယာပုံ)**

လမ်းမကြီးများပေါ်တွင် သွားနေသောဝင်ရိုး ၂ တန် ၁၀ ဘီးယာဉ်များအား (ယာဉ်+ကုန်)ကုန်ချိန် ၂၀ တန် သတ်မှတ်ထားသော်လည်း အဆိုပါကားသည် ၃၂ ဒသမ ၄ တန် တင်ဆောင်လာခဲ့၍သတ်မှတ်တန်ချိန်ထက် ၁၁ ဒသမ ၄ တန် ပိုမိုသဖြင့် တံတား၏ ခံနိုင်ဝန် ၁၃ တန်ထက် ပိုမိုသော ၃၂ ဒသမ ၄ တန်ဖြင့် ဖြတ်ကျော်ခဲ့ခြင်းကြောင့် တံတားကျိုးကျခဲ့သည်။ တံတားကျိုးကျမှုအတွက် နိုင်ငံတော်ဘဏ္ဍာငွေကျပ် ၁၆၅ သိန်း ဆုံးရှုံးနစ်နာခဲ့သည့်အပြင် လမ်းပိတ်ဆို့မှုဖြစ်ကာ ကုန်စည်စီးဆင်းမှုပြတ်တောက်ခဲ့ရာ ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းအား တံတားတန်ဖိုး ပေးလျော်စေရန်နှင့် တန်ပိုတင်ဆောင်မှုအတွက် လမ်းမကြီးများဥပဒေအရ အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါယာဉ်ပေါ်ပါ သစ်ခွဲသားများသည် တရားမဝင်သစ်များဖြစ်နေသဖြင့်လည်း သစ်တောဥပဒေအရ အရေးယူ ဆောင်ရွက်ရန်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



## ဆောင်းပါး၊ ကဗျာ ဆုရသူများအား ဆုချီးမြှင့်

**ဝါးခယ်မ ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုအခမ်းအနားကို ဇူလိုင် ၇ ရက် နံနက် ၈ နာရီက သမဝါယမဦးစီးဌာန၌ကျင်းပရာ သဘာပတိ သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးတင်ဝင်းနှင့်မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခင်ဝင်းတို့ကအမှာစကားပြောကြားကြသည်။ ဆက်လက်၍ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ဂုဏ်ပြုစာစီစာကုံးပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ဂုဏ်ပြုဆောင်းပါး၊ ကဗျာ၊ ကာတွန်းဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရှိရသည်။ (၁၇၂)

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံ

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ၂၀၁၂ ခုနှစ် ဇွန်လ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပခဲ့သည့် **ရီယိုနှစ် ၂၀ လွန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ** သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် တက်ရောက်ခွင့်ရရှိခဲ့ပါသည်။ လွန်ခဲ့သည့် နှစ် ၂၀၊ ၁၉၉၂ ခုနှစ် ရီယိုကမ္ဘာမြေ ထိပ်သီးညီလာခံ ကျင်းပခဲ့သည့် ကုလသမဂ္ဂ ရီယိုဗဟိုကွန်ဗင်းရှင်းစင်တာတွင် ကျင်းပခြင်းဖြစ်ပြီး ဦးတည်ချက်မှာ **မိမိတို့လိုလားသော အနာဂတ်** (The Future We Want) ဖြစ်ပါသည်။

ညီလာခံ၏ ရည်ရွယ်ချက်(၃)ရပ်မှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံရေးကတိကဝတ်များ ပိုမိုသေချာစေရန်၊ ရီယိုထိပ်သီးညီလာခံ အဓိက ဆွေးနွေးပွဲမှသဘောတူညီမှုများအား အကောင်အထည်ဖော်မှုအပေါ် ဆန်းစစ်ရန်နှင့် စိန်ခေါ်မှုအသစ်များကို ဖြေရှင်းရန်ဖြစ်ပါသည်။ ညီလာခံတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးအတွက် အစိမ်းရောင်စီးပွားရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များတို့ကို အဓိက ဆွေးနွေးခဲ့ကြပါသည်။

ရီယိုနှစ် ၂၀ လွန် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကုလသမဂ္ဂ ညီလာခံက အဓိကကဏ္ဍ (၆)ရပ်ပါဝင်သည့် ရလဒ်ပေါ်ထွက်ခဲ့ပါသည်။ အဆိုပါကဏ္ဍ (၆) ရပ်မှာ ကျွန်ုပ်တို့၏ ဘုံရည်မှန်းချက်၊ နိုင်ငံရေးကတိကဝတ်များအား ပြန်လည်သုံးသပ်ခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အစိမ်းရောင်စီးပွားရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များ၊ ဆက်လက်လုပ်ဆောင်မည့် လုပ်ဆောင်ချက်များအတွက် မူဘောင်နှင့် အကောင်အထည်ဖော်ဆောင်မှုနည်းလမ်းများ ဖြစ်ကြပါသည်။

**ဘုံရည်မှန်းချက်များ** ကဏ္ဍမှာ ကျယ်ပြန့်ပြီး ပစ္စုပ္ပန်နှင့်အနာဂတ်မျိုးဆက်များအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်များ အခြေခံ၍ ဆောင်ရွက်ရန်၊ ကုလသမဂ္ဂပဋိညာဉ်ပါ လူ့အခွင့်အရေးကြေညာစာတမ်းပါ စည်းမျဉ်း စည်းကမ်းများအား လိုက်နာကြရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကတိကဝတ်များကို နိုင်ငံတိုင်းက လိုက်နာကြရန်နှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဖော်ပြထားပါသည်။

**နိုင်ငံရေးကတိကဝတ်များအသစ်ချမှတ်ခြင်း** ကဏ္ဍတွင် ယခင်ရီယိုကမ္ဘာမြေ ထိပ်သီးညီလာခံမှ ချမှတ်ခဲ့သည့် စည်းမျဉ်း စည်းကမ်းများနှင့် လုပ်ငန်းအစီအစဉ်များကို လိုက်နာဆောင်ရွက်ကြရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစည်းမှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ကျန်ရှိနေသည့်ကွက်လပ်များ ဖြည့်ဆည်းမှုနှင့် စိန်ခေါ်မှုအသစ်များအား ဖြေရှင်းသွားရန်၊ အစိုးရနှင့် ဥပဒေပြုအဖွဲ့အစည်းအဆင့်ဆင့်၊ ဒေသခံပြည်သူများနှင့် အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်နှင့် အမျိုးသား၊ အမျိုးသမီး၊ လူငယ်၊ ဒေသခံ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ မြို့ပြလူ့အဖွဲ့အစည်းများ၊ သိပ္ပံနှင့်နည်းပညာအဖွဲ့အစည်းများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ လယ်သမားများ၊ တံငါသည်များ၊ မွေးမြူရေး လုပ်သားများ၊ သစ်တောလုပ်သားများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအား အဓိကစည်းရုံးဆွဲဆောင်သွားရန် တိုက်တွန်းထားပါသည်။

**စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးအတွက် အစိမ်းရောင်စီးပွားရေး**ကဏ္ဍတွင်အစိမ်းရောင်စီးပွားရေးသည် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးပြီး သဘာဝသယံဇာတများ ရေရှည်တည်တံ့မှု ထိရောက်စွာ အသုံးချမှုတို့ကို အထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း၊ နိုင်ငံအခြေအနေနှင့်ကိုက်ညီမည့် စီမံချက်များ မဟာဗျူဟာများနှင့် ဦးစားပေးအစီအစဉ်များ ရွေးချယ်နိုင်ခြင်းကို အသိအမှတ်ပြုကြောင်း၊ စဉ်ဆက်မပြတ်သော၊ ညီမျှသော၊ အားလုံးပါဝင်နိုင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထူးသဖြင့် အမျိုးသမီးများ၊ လူငယ်များနှင့် ဆင်းရဲသားများအတွက် အလုပ်အကိုင်ဖန်တီးပေးရန် လိုအပ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအား နည်းပညာ၊ ဘဏ္ဍာငွေများ ပံ့ပိုးပေးရန် အရေးကြီးကြောင်း ဖော်ပြထားပါသည်။

**စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာမူဘောင်** ကဏ္ဍတွင် မူဘောင်သည် အားလုံးပါဝင်သော၊ ထင်သာမြင်သာရှိသော၊ ထိရောက်သောမူဘောင်ဖြစ်သင့်ကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုကို ဖြေရှင်းနိုင်မည့် ဘုံသဘောတူညီချက်ပါရှိသင့်ကြောင်း၊ ကုလသမဂ္ဂပတ်ဝန်းကျင်၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ ညီလာခံအစည်းအဝေးများမှ ကတိကဝတ်များကို အကောင်အထည်ဖော်ရန်လိုအပ်ကြောင်း၊ ကုလသမဂ္ဂ အထွေထွေညီလာခံ၊ စီးပွားရေးနှင့်လူမှုရေးကောင်စီနှင့် အဆင့်မြင့်နိုင်ငံရေးရာ ဆွေးနွေးပွဲများ၏အခန်းကဏ္ဍကို အလေးအနက်ထားကြောင်း၊ **စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကော်မရှင်နှင့် အဆင့်မြင့်နိုင်ငံရေးရာ ဆွေးနွေးပွဲများ တည်ထောင်ဆောင်ရွက်သင့်ကြောင်း၊** အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂဆောင်ရွက်မှုများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စများ မြှင့်တင်ဆောင်ရွက်ရန်၊ ဒေသအဆင့်၊ နိုင်ငံအဆင့်၊ နိုင်ငံတွင်းအဆင့်နှင့်ဒေသန္တရအဆင့်များတွင် ပတ်ဝန်းကျင်ဆိုင်ရာသတင်းအချက်အလက်များမျှဝေရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်ရေးနှင့် တရားမျှတသည့်အခွင့်အရေးများ ရရှိရေးတို့ ဆောင်ရွက်ရန် ဖော်ပြထားပါသည်။

**ဆက်လက်လုပ်ဆောင်မည့်လုပ်ဆောင်ချက်များအတွက် မူဘောင်** ကဏ္ဍတွင် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အစာအာဟာရနှင့် စဉ်ဆက်မပြတ်စိုက်ပျိုးရေး၊ သန့်ရှင်းသောသောက်သုံးရေ၊ စွမ်းအင်၊ စဉ်ဆက်မပြတ်ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ မြို့တော်၊ ကျန်းမာရေးနှင့် လူဦးရေ၊ လူတိုင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရေးနှင့် လူမှုကာကွယ်ရေး၊ ပင်လယ်သမုဒ္ဒရာများ၊ ကျွန်းနိုင်ငံငယ်များ၊ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံများ၊ ကုန်းတွင်းပိတ်နိုင်ငံများ၊ အာဖရိက၊ ဒေသတွင်းကြိုးပမ်း

စန်းလွင်

အားထုတ်မှုများ၊ သဘာဝဘေးအန္တရာယ် လျှော့ပါးရေး၊ ရာသီဥတုပြောင်းလဲရေး၊ သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲများ၊ သဲကန္တာရ ဖြစ်ထွန်းမှုများ၊ တောင်တန်းများ၊ ဓာတုပစ္စည်းနှင့်စွန့်ပစ်ပစ္စည်းများ၊ စဉ်ဆက်မပြတ် စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်း၊ သတ္တု၊ ပညာရေး၊ ကျားမတန်းတူဖြစ်မှုနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များနှင့် ပတ်သက်၍ ဦးစားပေး ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ဖော်ပြထားပါသည်။

**အကောင်အထည်ဖော်မှုနည်းလမ်းများ** ကဏ္ဍတွင် နိုင်ငံအလိုက် သယံဇာတ အရင်းအမြစ်များ ခွဲဝေသုံးစွဲရာတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို ဦးစားပေးအဆင့်ထားရှိရန်၊ ငွေကြေး၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ကြရန်နှင့် ရီယိုနှစ် ၂၀ လွန်ညီလာခံနှင့် ၂၀၁၂ ခုနှစ်အလွန်တွင် ဆောင်ရွက်မည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းများ၊ စီမံချက်များ၊ အစီအစဉ်များ၊ မူဝါဒများကိုပါဝင်ပတ်သက်သူများမှ ကတိကဝတ်ပြုမှုများအား ထင်သာမြင်သာရှိရန်နှင့် ပြည်သူများမှသိရှိရန်အတွက် သတင်းအချက်အလက်များကို မှတ်ပုံတင်ပြီး နှစ်အလိုက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းထားပါသည်။ **ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ တရားဝင် ဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီ(ODA) အဖြစ် Gross National Product (GNP)၏ ၀ ဒသမ ၇ ရာခိုင်နှုန်းနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် GNP ၏ ၀ ဒသမ ၁၅ ရာခိုင်နှုန်းမှ ၀ ဒသမ ၂ ရာခိုင်နှုန်း ထပ်ဆောင်းကူညီကြရန် တိုက်တွန်းထားပါသည်။**

မြန်မာနိုင်ငံသည် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်နှင့် လန်ဒန်ပြင်ဆင်ချက်စာချုပ်တို့ကို ၁၉၉၃ ခုနှစ်တွင် လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းနှင့်ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၄ ခုနှစ်တွင်လည်းကောင်း သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၇ ခုနှစ်တွင်လည်းကောင်း အသီးသီးလက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၂ ခုနှစ် ရီယိုကမ္ဘာမြေ ထိပ်သီးညီလာခံက ချမှတ်ခဲ့သည့် ကတိကဝတ်များကို အတတ်နိုင်ဆုံးလိုက်နာဆောင်ရွက်လျက်ရှိပါသည်။

သိသာထင်ရှားသည့် မှတ်တိုင်များအနေဖြင့် ၁၉၉၄ ခုနှစ်တွင် အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒကိုချမှတ်ခဲ့မှု၊ ၁၉၉၅ ခုနှစ်တွင် မြန်မာ ၂၁ ရာစုအစီအစဉ် (Myanmar Agenda 21) ကို ရေးဆွဲခဲ့မှု၊ ၁၉၉၇ ခုနှစ်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနကို ဖွဲ့စည်းတည်ထောင်ခဲ့မှု၊ ၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ထောင်စုနှစ်ရည်မှန်းချက် (Millennium Development Goals) ထုတ်ပြန်ခဲ့မှု၊ ၂၀၀၉ ခုနှစ်တွင် အမျိုးသားအဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (National Sustainable Development Strategy) နှင့် စတုတ္ထအကြိမ် အမျိုးသားအဆင့် ဇီဝမျိုးစုံ မျိုးကွဲအစီရင်ခံစာ (Fourth National Biodiversity Conservation Report) ပြုစုခဲ့မှု၊ ၂၀၁၁ ခုနှစ်တွင် အမျိုးသားအဆင့် သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး အစီရင်ခံစာနှင့် နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့်လုပ်ငန်းစီမံချက်(National Biodiversity Strategy Action Plan) ပြုစုခဲ့မှုနှင့် ၂၀၁၂ ခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပြဋ္ဌာန်းခဲ့မှုတို့က ညွှန်ပြနေကြပါသည်။

ဇင်းအပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ တိုးချဲ့ဖွဲ့စည်းခဲ့မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြောင်းလဲဖွဲ့စည်းခဲ့မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဖွဲ့စည်းရန်ခွင့်ပြုခဲ့မှုနှင့် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ခဲ့မှုများမှာလည်း မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍအား အလေးထားဖော်ဆောင်မှုကို သက်သေပြသနေပါသည်။

ရီယိုနှစ် ၂၀ လွန် ညီလာခံမှ ဆုံးဖြတ်ချက်များသည် လူသားများ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ရာတွင် လိုက်နာနိုင်မည်ဆိုပါက အကျိုးဖြစ်ထွန်းနိုင်မည့် လုပ်ဆောင်ချက်များဖြစ်သည်ဟု ယူဆနိုင်ပါသည်။ လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် သဘာဝသယံဇာတများ စဉ်ဆက်မပြတ်တည်တံ့စေရန်နှင့် ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် စီမံခန့်ခွဲရေးမှာ အပြောလွယ်သော်လည်း လက်တွေ့ဆောင်ရွက်ရန် ခက်ခဲကြောင်း၊ အစိမ်းရောင်စီးပွားရေးသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် သင့်တော်သည့် မူဝါဒသစ်ဖြစ်သော်လည်း ဖော်ဆောင်ရာတွင် နိုင်ငံတစ်နိုင်ငံချင်းအလိုက် ကွဲပြားခြားနားသော အခြေအနေနှင့် ချဉ်းကပ်လုပ်ဆောင်မှုများအပေါ်တွင် မူတည်နေကြောင်း မြန်မာနိုင်ငံက ယုံကြည်လက်ခံထားပါသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် ယခင်ရီယိုထိပ်သီးညီလာခံ၏ ဆုံးဖြတ်ချက်များကို မိမိတို့၏ လုပ်ဆောင်နိုင်သည့်စွမ်းအား၊ ကိုယ်ပိုင်ခံယူချက်နှင့် နိုင်ငံ၏နိုင်ငံရေး၊ လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများအပေါ်တွင် မူတည်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုအထိ ရောက်ရှိနေပြီဟု သုံးသပ်ရပါသည်။ မည်သို့ဆိုစေ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်မှလက်ရှိချမှတ်ထားသည့် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုရယူကာ အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း တင်ပြအပ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား

၁၄-၇-၂၀၁၂ (စနေနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇:၃၀ | နံနက်ခင်းသတင်း |
| ၇:၄၀ | နမော··နမော (သန်းမြတ်စိုးနှင့်အဖွဲ့၊ တေးရေး-မောင်မောင်လတ်) |
| ၇:၅၀ | သံသာချိုအေးမင်္ဂလာတေး |
| ၈:၀၅ | **သုတရောင်စုံပန်းခင်း** |
| ၈:၃၀ | **ငှက်တစ်သောင်း** |
| ၈:၄၅ | International News |
| ၈:၅၀ | တေးဂီတအစီအစဉ် |

**နေ့လယ်ပိုင်း**

| | |
|---|---|
| ၁၁:၀၀ | စစ်သည်တေး |
| ၁၁:၂၀ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၃:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာစွမ်းအား** (အပိုင်း-၂၁) |
| ၁၄:၅၅ | International News |

**ညပိုင်း**

| | |
|---|---|
| ၄:၀၀ | စစ်ချီတေး၊ စစ်သည်တေး |
| ၄:၂၀ | အတီးပြိုင်ပွဲ |
| ၄:၄၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ) |
| ၅:၁၀ | မြန်မာ့ရိုးရာခြင်းလုံးခတ် ကစားခြင်းအကြောင်း သိကောင်းစရာ |
| ၅:၃၅ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၆:၀၀ | ညနေခင်းသတင်း |
| ၆:၂၀ | ရုပ်မြင်ပြဇာတ်အစီအစဉ် |
| ၇:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာများတဲ့အချစ်** (အပိုင်း-၁၄) |
| ၈:၀၀ | ပြည်တွင်းသတင်း - နိုင်ငံတကာသတင်းများ - မိုးလေဝသအခြေအနေ - ကာတွန်းအစီအစဉ် **ဒိုင်နိုဆောကမ္ဘာ** အသားစားဒိုင်နိုဆော **နိုလုံ** တွေရဲ့ရည်းစားလုပ်ပွဲ - ဂီတတံခါးလေးဖွင့်ပါဦး |

# စီးပွားရေးစီမံခန့်ခွဲမှုပညာ မဟာဘွဲ့ သင်တန်းဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဇူလိုင် ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ထိုင်းနိုင်ငံကုန်သည်ကြီးများတက္ကသိုလ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် စီးပွားရေးစီမံခန့်ခွဲမှုပညာ မဟာဘွဲ့သင်တန်းကို ၂၀၁၂ ခုနှစ် ဩဂုတ်လမှ ၂၀၁၄ ခုနှစ် ဇူလိုင်လအထိ နှစ်နှစ်ကြာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ရှိ UMFCCI Training Institute ၌ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ ဘွဲ့ရရှိပြီးသူ မည်သူမဆိုလျှောက်ထားနိုင်ပြီး သင်တန်းချိန်မှာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖြစ်သည်။ သင်တန်းဝင်ခွင့်လျှောက်လွှာများကို UMFCCI Training Institute၌ ရယူပြီး ဇူလိုင် ၁၆ ရက် နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ သင်တန်းတက်ရောက်မည့်သူများသည် ဇူလိုင် ၂၇ ရက်မှ ၃၁ ရက်အတွင်း သင်တန်းအပ်နှံရမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များ သိလိုပါက UMFCCI Training Institute ဖုန်း-၀၉-၇၃၀၇၂၁၇၄ နှင့် ၂၁၄၃၄၅၊ လိုင်းခွဲ-၁၃၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



ပုသိမ်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဇူလိုင် ၃ရက်က အမှတ်(၁၄)ရပ်ကွက် ရွှေမင်္ဂလာမွှာရုံ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မောင်မောင်ဝင်းက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းကို ဒေသခံပြည်သူတစ်ဦးအားထုတ်ပေးစဉ်။(မြို့နယ် လဝက)

# သံနှင့်သံမဏိလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး မြန်မာ-ထိုင်း နှစ်နိုင်ငံလုပ်ငန်းရှင်များ ဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၃

ထိုင်းနိုင်ငံ Iron and Steel Institute of Thailand မှ Mr. Wikrom Vajragupta ဦးဆောင်၍ ကိုယ်စားလှယ် ၂၄ဦးပါဝင်သော သံနှင့်သံမဏိလုပ်ငန်းရှင်များအဖွဲ့နှင့် မြန်မာနိုင်ငံ သံနှင့်သံမဏိဖွံ့ဖြိုးရေးဆပ်ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစက်မှုထုတ်လုပ်သူအသင်းဝင်များ၊ မြန်မာနိုင်ငံ သံနှင့်သံမဏိလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ သံနှင့်သံမဏိလုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးပွဲကို ဇူလိုင် ၁၁ ရက် နံနက်က ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်ရှိ My Garden Restaurant တွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦးက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သံနှင့်သံမဏိလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီအတွင်းရေးမှူး ဒေါက်တာကေသီလွင်က လက်ရှိမြန်မာနိုင်ငံ၏ သံနှင့်သံမဏိလုပ်ငန်းများအခြေအနေကို တင်ပြရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဦးအောင်ခင်မြင့်က နိုင်ငံ၏ လက်ရှိကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြသည်။

ထိုင်းနိုင်ငံမှ သံနှင့်သံမဏိလုပ်ငန်းရှင်များအဖွဲ့သည် ဇူလိုင် ၁၂ ရက်က မြန်မာနိုင်ငံ သံနှင့်သံမဏိဖွံ့ဖြိုးရေး ဆပ်ကော်မတီဝင်များနှင့်အတူ အင်းစိန်ရွာမရှိ အမှတ်(၃) သံမဏိစက်ရုံ **(အောက်ပုံ)**၊ တောင်ဒဂုံမြို့နယ်ရှိ စက်မှုဇုန်များ၊ သာကေတမြို့နယ် စက်မှုဇုန်ရှိ Steel King သို့သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက လုပ်ငန်းအလိုက် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(၀၄၂)**



# မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ CPE ဟောပြောပွဲကို အသင်းဥက္ကဋ္ဌ ဦးဝင်းသင်က "အများပြည်သူထံမှ ရင်းနှီးမြှုပ်နှံငွေစုဆောင်းရန် ဥပဒေအရ ခွင့်ပြုသည့်နည်းလမ်းများ" "The Legal menas of raising invested capital from General Public" ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဇူလိုင် ၂၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်း အမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း (ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း)တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# မြန်မာအမျိုးသမီးများနေ့အခမ်းအနား ကော့သောင်းမြို့နယ်၌ ကျင်းပ

ကော့သောင်း ဇူလိုင် ၁၃

၂၀၁၂ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ကော့သောင်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဟံသာဝတီခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းက အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စန်းမြင့်က ကျန်းမာရေးကဏ္ဍနှင့်ဆိုင်သော စာတမ်းကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မာကြည်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းကိုလည်းကောင်း၊ အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်မိရီရီက ယဉ်ကျေးမှုလုပ်ငန်းဆိုင်ရာ စာတမ်းကိုလည်းကောင်း ဖတ်ကြားကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် (၁၆)ကြိမ်မြောက် Sea Games ရွက်လှေပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသူ မဝေဝေလွင်၊ ဆရာ ဆရာမမွမ်းမံသင်တန်းအမှတ်(၇၅)တွင် စံပြဆုရရှိသူ ဒေါ်နေဇာဌေး၊ (၅၆)ကြိမ်မြောက်သွေးအလှူရှင် ဒေါ်ဂန္ဓမာနှင့် အကြိမ်(၂၀)မြောက် သွေးအလှူရှင် ဒေါ်လွင်လွင်ဦးတို့အားလည်းကောင်း၊ တိုင်းဒေသကြီး အေရိုးဗစ်ပြိုင်ပွဲ၌ တတိယရရှိသော အေရိုးဗစ်အဖွဲ့၊ ၂၀၁၁-၂၀၁၂တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော လေးဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့အားလည်းကောင်း၊ မြန်မာအမျိုးသမီးများနေ့အကြို အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူ သုံးဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူ သုံးဦးတို့အားလည်းကောင်း တာဝန်ရှိသူများကဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**



## ကြည့်ရှုလေ့လာ

ဇူလိုင် ၇ ရက်က တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကြက်တက်ညောင်ပင်ကျေးရွာအုပ်စု ပိတောက်ခင်ကျေးရွာ ခပေါင်းလက်ယာ၊ ဆည်ရေသောက်စခန်းအနီး ဘာစမာတီ(အိန္ဒိယ)ဆန်မွှေး စမ်းသပ်သုတေသနစိုက်ခင်း ၁၂ ဧကတွင် မျိုးစေ့ချပွဲကျင်းပရာ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမင်းထွဋ်၊ ခရိုင်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့နှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ ကြည့်ရှုလေ့လာကြစဉ်။

(ခရိုင် ထွေ/အုပ်)

# နဝဒေးတံတား(ပြည်) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

ရန်ကုန် ဇူလိုင် ၁၃

ဧရာဝတီမြစ်ကူး နဝဒေးတံတား (ပြည်)ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၆)နှင့် (၇)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့် (၆)အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားသည်။ ယခုအခါ ရေများကာလသို့ရောက်ရှိလာပြီဖြစ်သဖြင့် ရေစီးနှုန်းနှင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၁၆ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့် (၆) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့် (၅)အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့်ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးချက်ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# မိုင်းပျဉ်းမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

မိုင်းပျဉ်း ဇူလိုင် ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းပျဉ်းမြို့နယ် သစ်တောဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၇ နာရီက ကျိုင်းတုံ-တောင်ကြီး ပြည်ထောင်စုလမ်းမကြီးအနီး ပိန်းဆန်းရပ်ကွက်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေး၊ မြို့နယ်သစ်တောတာဝန်ခံ ဦးဆန်းလင်းနှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်ပြည်သူများ စုပေါင်း၍ ရတနာတန်းဝင် ကျွန်းပင် ၅၂၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

# ရွှေပြည်သာမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁၃

၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁) ရပ်ကွက် ပြည်နဝဒေးလမ်းနှင့် ရွှေဗဟိုပတ်လမ်းတို့၌ ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ကံ့ကော်ပင်နှင့် အခြားပျိုးပင်များကို အမှတ်တရ စိုက်ပျိုးခဲ့ကြသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးမင်းအောင်နှင့် ဝန်ထမ်းများ၊ အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက ကျွန်း၊ စိန်ပန်း၊ စွယ်တော်၊ ပျဉ်းမ၊ ကံ့ကော်နှင့်ခရေ ပျိုးပင်ပေါင်း ၄၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ) (၁၆၆)**

# ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဇူလိုင် ၁၃

နေပြည်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် မြို့မဈေးကြီးအတွင်းရှိ ပဲ့ကျဈေးသည်များ၏ သားသမီးများအား ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၀ရက်က မြို့မဈေးတာဝန်ခံရုံးခွဲ၌ ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် နေပြည်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးငွေလှိုင်က ပဲ့ကျဈေးသည်များ၏ သားသမီး ၁၁ဦးအတွက် တစ်ဦးလျှင် ကျောင်းဝတ်စုံတစ်စုံစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**




ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့


## မြဝတီရုပ်မြင်သံကြား

၁၄-၇-၂၀၁၂ (စနေနေ့)

**နံနက်ပိုင်း**

၇:၀၅ တရားတော်
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

**နေ့လယ်ပိုင်း**

၁၁:၂၀ မျိုးချစ်တပ်မတော်
၁၂:၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ပြောင်းပြန်မောင်လေး** လွင်မိုး၊ နန္ဒာလှိုင်နှင့်သရုပ်ဆောင်များ (ဒါရိုက်တာ-မောင်သီ)
၁၄:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှင်သန်နေသရွေ့** (အပိုင်း-၄၂)

**ညပိုင်း**

၅:၁၅ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆:၄၀ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထောင်စုနှစ်သမီးပျို**(အပိုင်း-၃၇)
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
နိုင်ငံတကာသတင်း
မိုးလေဝသသတင်း
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်ခုန်သံများချစ်ခြင်းများဖြင့်** (အပိုင်း-၁၇)
မြဝတီရုပ်မြင်သံကြားသတင်း
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း

လန်ဒန်အိုလံပစ်
၂၀၁၂
LIVE

5 NETWORK

london

# LONDON OLYMPIC 2012

5 NETWORK မှ **တိုက်ရိုက်** ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

☎ 01-400 878

# မင်္ဂလာဆုတောင်းလွှာ

**ဗိုလ်မှူးရဲနိုင်**
**စစ်ဦးစီးမှူး(ဒုတိယတန်း)**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

နှင့်

**ဒေါက်တာဇင်မာသန်းထွန်း**
**မြို့နယ်ကျန်းမာရေးအရာရှိ(တိုင်း)**
**တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန**
**မန္တလေး**

တို့၏ ၆-၇-၂၀၁၂ ရက် မင်္ဂလာဦးရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ပျော်ရွှင်ချမ်းမြေ့သာယာသော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေဟု ဆုတောင်းလျက်-

**ညီအစ်မများ**
**ဗိုလ်ကြီးထင်လင်းအောင်-ဒေါက်တာနှင်းအိလွင်**
**ဗိုလ်ကြီးရဲဝင်း-ဒေါက်တာညိမ်းအိလွင်**
**ဗိုလ်ကြီးနိုင်ဆွေဦး-ဒေါက်တာဝတ်ရည်လင်း**
**ထွေးအိလွင်(B.A, Japanese), MUFL, MBA**
**ဝတ်မှုန်လင်း IADCS, NCC Edu UK**

---

**Y.E.S.** Since 1994
International English Language Centre

Basic Spoken English
Pre-Intermediate English
Intermediate English
Structure & Written Expression
Grammar Foundation Course
Basic Writing Course
Academic Writing Course
IELTS Practice Test
IELTS Speaking Course
Academic Preparation for IELTS
SAT
TOEFL

No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. ☎ 243950

---

**Central Link**

*Congratulation*

Ph:09 731 900 40,09 86 51 531

---

# သန်းရွှေနှင့်ရောင်းရင်းများ

---

**မြန်မာနိုင်ငံတွင်း စားနပ်ရိက္ခာလုံလောက်စွာရရှိရေး ဆန်းသစ်သောနည်းလမ်းများနှင့် ပဲပိစပ်သိုလှောင်ထိန်းသိမ်းမှုဆိုင်ရာ ပစ္စည်းကိရိယာများထောက်ပံ့ခြင်း**

**Innovative Approaches to Combat Food Insecurity in Myanmar & Supply of Soy Bean Processing Equipment**

ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် အခြားဒေသများအတွက် ဥရောပလူမှုအဖွဲ့အစည်းမှ ထောက်ပံ့သည့် မြန်မာနိုင်ငံတွင်း စားနပ်ရိက္ခာဖူလုံရေး ဆန်းသစ်သောနည်းလမ်းများ စီမံချက်တွင် လိုအပ်မည့် ပဲပိစပ်ထွက်ကုန် ထုတ်လုပ်ရေးစက်ပစ္စည်း ၁၅စုံနှင့် ဆက်စပ်ဝန်ဆောင်မှုများကို ရောင်းချလုပ်ကိုင်နိုင်သော တင်သွင်းဖြန့်ချိသူများအား ဝေါလ်ကွန်ဆန်းမြန်မာ World Concern Myanmar (WCM) မှ တင်ဒါစနစ်ဖြင့် ရွေးချယ်ခေါ်ယူသွားမည်ဖြစ်ပါသည်။

အဆိုပါတင်ဒါနှင့် ပတ်သက်သော လျှောက်လွှာနှင့် အသေးစိတ် အချက်အလက်များ(အင်္ဂလိပ်ဘာသာဖြင့်)ကို အောက်ပါလိပ်စာအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝေါလ်ကွန်ဆန်းမြန်မာ World Concern Myanmar (WCM) ရုံး၊**
**အမှတ် ၄၇၇/၄၇၉ (ခြောက်လွှာ)၊**
**အနောက်ရိပ်သာလမ်းသွယ်(၂)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်းနံပါတ်- ၀၁-၅၅၇၃၅၅၊ ၀၁-၄၀၁၁၅၄၊**
**email: soyvcdm@gmail.com**

**သတိပြုရန်**။ ။တင်ဒါလျှောက်လွှာများကို ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၇ရက် (သောကြာနေ့) ညနေ ၅:၀၀နာရီ နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်ပါသည်။

---




---

# မွေးနေ့မင်္ဂလာဆုမွန်လွှာ

**ဖေဖေ ကိုဝေဟင်သန်းဌေး-မေမေ မယဉ်ယဉ်သန်း**(အောင်ရတနာရောင်းဝယ်ရေး၊ ပြည်မြို့)တို့၏ သားဦးရတနာ မောင်ပိုင်ဟိန်း(ခ) ချိုဖီးလေး၏ ၂၀၁၂ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ကျရောက်သော (၁)နှစ်ပြည့် မွေးနေ့မှသည် သက်ရှည်ကျန်းမာပြီး ထူးချွန်ထက်မြက်သော သားကောင်းရတနာတစ်ယောက် ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

- **ဘိုးဘိုးကြီး ဦးမောင်သန်း-ဘွားဘွားကြီး ဒေါ်ခင်နွဲ့ ရွှေဟသ်ာခမောက်ရောင်းဝယ်ရေး၊ ပြည်မြို့**
- **ဘိုးဘိုး ဦးသန်းဌေး-ဘွားဘွား ဒေါ်မွန်မွန်သန်း ဆ/မ (ရုံးချုပ်)၊ နေပြည်တော်**
- **ဦးကြီး ကိုစည်သူသန်းဌေး အင်ဂျင်နီယာချုပ်(စက်မှု)ရုံး၊ ဆ/မ (နေပြည်တော်)**
- **ဦးငယ် ကိုပြည့်ဖြိုးဇင်-တီတီလေး မဝေမွန်မွန်အောင် လက်ထောက် ညွှန်ကြားရေးမှူးရုံး၊ စက်မှုတိုင်း(၄)၊ ဆ/မ(မန္တလေးမြို့)**

---

**မကွေးမြို့နယ်အသင်း(ရန်ကုန်)သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်**

မကွေးမြို့နယ်အသင်း(ရန်ကုန်) အသက်(၇၅)နှစ်အထက် သက်ကြီးများအား ပူဇော်ပွဲနှင့် ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ သုခမ္မမဏ္ဍိဇောတဓရ ဘွဲ့ရ ဦးကြည်မောင်၊ စက်မှုစီးပွားထူးချွန်(ဒုတိယအဆင့်)၊ ၁၉၉၈-၂၀၀၃ ခုနှစ် (၂)ဆုရ အမှတ်(၃)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဦးထွန်းထွန်း၊ စာပေဗိမာန်စာမူဝတ္ထုတိုပေါင်းချုပ် ပထမဆု၊ ပခုက္ကူဦးအုံးဖေ ကဗျာပေါင်းချုပ် ပထမဆုရစာရေးဆရာ ကဗျာဆရာ မြေလတ်မင်းလွင်တို့အား ဂုဏ်ပြုမည်ဖြစ်ရာ ဇူလိုင်၂၂ရက် နံနက်၉နာရီတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဂုဏ်ထူးရ သား၊ သမီးများစာရင်းကို ဇူလိုင်၁၈ရက် နောက်ဆုံးထား ပေးပို့ပါရန်နှင့် အခမ်းအနားသို့ မကွေးမြို့နယ်သူ/သားအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုသူများ ဥက္ကဋ္ဌ ဦးအေးကို ဖုန်း-၆၈၁၁၁၃၊ ၆၈၃၄၉၈၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကြည်စိုး ဖုန်း-၀၉-၅၁၂၇၅၁၁၊ ဦးကြည်မောင် ဖုန်း-၅၇၀၅၁၈၊ ၅၇၈၃၁၅၊ ဦးစစ်သိန်း ဖုန်း-၆၄၀၄၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

---

အတွေ့အကြုံပြည့်စုံပြီး
အင်္ဂလိပ်ဘာသာ ကျွမ်းကျင်
ရေးပြောနိုင်သော
ကွန်ပျူတာအသုံးပြုနိုင်သည့်
Tour Planner (၂) ဦး (ကျား)
ဆက်သွယ်ပါ။

**ဖုန်း-၀၉-၄၉၂၃၀၄၃၉၊**
**၀၉-၄၃၀၈၅၇၃၈**

---

**အမည်မှန်** ဦးသန်းဝင်း၏သမီး မော်လမြိုင်မြို့၊ အထက(၈) တက္ကသိုလ်ဝင်တန်း(ခ)မှ မသဇင်သန့်၏ အမည်မှန်မှာ မသဇင်သန်း ဖြစ်ပါကြောင်း။ **မသဇင်သန်း**

---




---

# Housing, Consumer Exhibition & Car Expo

နေ့ရက် - ၂-၈-၂၀၁၂ မှ ၅-၈-၂၀၁၂ထိ နေရာ - မြန်မာကွန်ဗင်းရှင်းစင်တာ(M.C.C)၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်။

ပြခန်းစုံစမ်းရန် - Paing Aung Business Group, Ph: 01-398515, 09-73100807, 09-43089011

---

အခြေခံလူသုံးကုန်မှ မော်တော်ကားအထိ ဈေးနှုန်းအထူးသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်မည့် ပြပွဲကြီး

# YANGON LIFESTYLE & AUTOMOBILE SHOW

19.7.12 မှ 22.7.12 ပြခန်းစုံစမ်းရန် SMART BUSINESS GROUP Ph: 01-527583, 09 730 14777, 09 50 99079 တပ်မတော်ခန်းမ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးချုပ်မြင့်မောင် (ငြိမ်း)

ဦးထွန်းခိုင်၊ ဒေါ်ခိုင်ဇော်တို့၏ဖခင် ဗိုလ်မှူးချုပ်မြင့်မောင်(ငြိမ်း)သည် ၁၁-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၅)မှ**
**သူငယ်ချင်းများ**

ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးချုပ်မြင့်မောင် (ငြိမ်း)

ဦးထွန်းခိုင်၊ ဒေါ်ခိုင်ဇော်တို့၏ဖခင် ဗိုလ်မှူးချုပ်မြင့်မောင်(ငြိမ်း)သည် ၁၁-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးကြီးအောင်ငြိမ်း(ငြိမ်း)နှင့်ဇနီး**

## ဦးအောင်ဖြူဝင်း

**အသက်(၅၆)နှစ်**

(ဦးပုလေး-ဒေါ်တင်မေ)တို့၏သား၊ (ဦးစိုးမြင့်-ဒေါ်သန်းနု)တို့၏သားသမက်၊ အမှတ် ၂၂/G၊ မဟာမြိုင်လမ်းနေ ဒေါ်ခင်သန်းနွဲ့၏ခင်ပွန်း၊ ဦးအောင်ကြီး(အာမခံ)-ဒေါ်ခင်မြင့်(အာမခံ)တို့၏ညီ၊ ဦးအေးထွား(ဆိပ်ကမ်း)-ဒေါ်ခင်ဖြူအေး(မြန်မာ့ဆိပ်ကမ်း)၊ ဦးသက်ဦး-ဒေါ်ခင်သူအေး၊ ဦးသိန်းဇော်(ST. JOINS Co.,)-ဒေါ်အေးအေးထူး(ပြည်တွင်းအခွန်)၊ ဦးညီညီသန့်(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်ကြည်ကြည်လွင်(တောင်ငူတက္ကသိုလ်)၊ ဦးသိန်းညွန့်ဦး(TUI Cruises Seapal Co., Ltd.)တို့၏အစ်ကိုသည် ၁၂-၇-၂၀၁၂ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၂ရက်(သောကြာနေ့)တွင် ပေါင်းတည် ကြူတောကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ဖြူဝင်း

**အသက်(၅၆)နှစ်**

(ဦးပုလေး-ဒေါ်တင်မေ)တို့၏သား၊ (ဦးစိုးမြင့်-ဒေါ်သန်းနု)တို့၏သားသမက်၊ အမှတ် ၂၂/G၊ မဟာမြိုင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ခင်သန်းနွဲ့(ပိုင်ဆောက်လုပ်ရေး)၏ခင်ပွန်း၊ ဦးမင်းသွင်-ဒေါ်ယုဇနဖြူဝင်း၊ ကိုထွန်းလင်းဦး-မနေကြာဖြူဝင်း၊ မိုးမြင့်မြတ်တို့၏ဖခင်၊ သွန်းစုရည်သွင်၊ ဖြိုးယမုံသွင်၊ ပိုးဖြူဖြူသွင်၊ တို့၏အဘိုးသည် ၁၂-၇-၂၀၁၂ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၂ရက်(သောကြာနေ့)တွင် ပေါင်းတည် ကြူတောကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးကျော်လင်း(ခ)ဦးချိုလေး

**B.Sc (Maths) (စမ်းချောင်း)၊ (စိန့်ဂျွန်းကျောင်းသားဟောင်း)**

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မကြီးကြီးလမ်း၊ အမှတ် ၄၈(လေးလွှာ-A)နေ (ဦးတင်ရွှေ-ဒေါ်ကျင်ထွေး)(စိန်နဂါးဆေးပြင်းလိပ်)တို့၏သားလတ်၊ (ဦးကျော်ကြီး-ဒေါ်မြရီ)တို့၏သားသမက်၊ (ရဲအုပ်ဦးသန်းမြင့်-ဒေါ်မေမေမြင့်)၊ ဦးအောင်သန်းဦး(ပိတောက်ပွင့်အော့ဖ်ဆက်)၊ ဦးခင်မောင်လတ်-ဒေါ်အေးအေးဝင်း(စိန်နဂါးဆေးပြင်းလိပ်)တို့၏ညီမောင်၊[ကိုသန်းအောင်(ခ)ကိုချစ်ကို]၊ ဦးမျိုးဝင်းမြင့်-ဒေါ်မို့မို့အေး(Victory Int'l Pre School)၊ ဦးနေဝန်းကျော်-ဒေါ်စောသန္တာ (Asia-Star Car Rental Services)၊ ဦးကံလင်းဖွေး-ဒေါ်စမ်းစမ်းသူ (LINN-Advertising Co., Ltd.) (G.W Travels & Tour)တို့၏အစ်ကို၊ ဒေါ်ရင်ကြည်၏ခင်ပွန်း၊ တူ၊တူမ ၁၉ယောက်တို့၏ဦးလေး၊ဘကြီးသည် ၁၂-၇-၂၀၁၂ ရက်(ကြာသပတေးနေ့) နံနက် ၂း၂၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၂ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသီအောင် (နည်းပြ၊ စားဖိုမှူးကြီး)

**Asia Master Hotel သင်တန်းကျောင်း၊ A.K.P Hotel သင်တန်းကျောင်း**

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၅)ရပ်ကွက်၊ ကသစ်မြိုင်လမ်း၊ အမှတ် ၂၉၄/၆နေ (ဦးအောင်သန်း-ဒေါ်ငွေးတင်)တို့၏သား၊ ဦးစိုးအောင်(အောင်ညီနောင် မိုးကာကွင်းလုပ်ငန်း)၊ ဦးခင်ဝေ(ရှိုင်းဘုန်းထူး Co., Ltd. )၊ ဦးရွှေလင်း၊ ဒေါက်တာချယ်ရီအောင်(ကထိက၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ညီမောင်၊ ဦးကောင်းယု၊ ဦးအောင်မြတ်ဇော်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)တို့၏အစ်ကို၊ မောင်ဖြိုးသက်အောင်(Chatrium Hotel)၊ မောင်စိုးရန်နိုင်(ပထမနှစ်၊ GTC သန်လျင်)၊ မသီရိထွန်း(IX အထက၊ သုဝဏ္ဏ)တို့၏ဖခင်၊ [မချိုချိုဝင်း(ခ) မချိုချိုဦး]၏ခင်ပွန်းသည် ၁၂-၇-၂၀၁၂ရက် ည ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၂ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့်နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြရှင်

**အသက်(၉၈)နှစ်**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင် ဦးအောင်ကျော်ငြိမ်း-ဒေါ်သစ်သစ်ရှိန်တို့၏မိခင် ဒေါ်မြရှင် အသက်(၉၈)နှစ်သည် ၁၂-၇-၂၀၁၂ ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြို့တော်ဝန်နှင့်ဇနီး**
**ကော်မတီဝင်များနှင့်ဝန်ထမ်းမိသားစုများ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်စိုး၏ဖခင်၊ ဒေါ်သန်းကြည်၏ခင်ပွန်း ဦးသာအောင် အသက်(၈၇)နှစ်သည် ၁၃-၇-၂၀၁၂ရက် ဝ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ**
**ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ**
**လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးဇော်ဝင်း (မြင်းခြံမြို့)

**အမှုဆောင်အရာရှိ(ငြိမ်း)၊ M.O.G.E**
**CNOOC Myanmar Limited (Logistics)**
**Export & Import**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဖိုးစိန်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ တိုက်အမှတ် ၇၅(D)နေ (ဦးမောင်လေး-ဒေါ်ကြင်)တို့၏သား၊ မြင်းခြံမြို့နေ ဦးသိန်းဝင်း-ဒေါ်ခင်အေး၊ ဦးအေးကို-ဒေါ်စန်းတို့၏ညီမောင်၊ ဗန်းမော်မြို့နေ (ဦးသက်ရှည်-ဒေါ်အေးခင်)တို့၏သားသမက်၊ နောင်ချိုမြို့နေ ဦးအေးမောင်-(ဒေါ်ရင်စီ)တို့၏ညီမောင်၊ ဒေါ်မာမာနွယ်၏ခင်ပွန်း၊ ကိုအောင်နေထွန်း-မညိမ်းညိမ်းဇော်၊ ကိုသူရိန်ဇော်၊ ကိုမောင်ထွေး-မသင်းသင်းဇော်တို့၏ဖခင်၊ ကိုအောင်သူ-မစန္ဒီသက်နိုင်၊ မဆွေဇင်သက်နိုင်၊ မမေသရဖီကျော်တို့၏အဘိုးသည် ၁၂-၇-၂၀၁၂ရက်(ကြာသပတေးနေ့)နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၂ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဇေယျာ (စတီရီယို)

**အတောင်ပံတေးထုတ်လုပ်ရေး**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့နေ (ဦးတင်မောင်-ဒေါ်သိန်းသိန်းဦး)တို့၏သား၊(ဦးရွှေဂုဏ်-ဒေါ်ကျင်အေး)တို့၏သားသမက်၊ (ဦးမြင့်လှိုင်-ဒေါ်ခိုင်ခိုင်မာ)၊ ဒေါ်ခင်သော်တာ(ဆောက်လုပ်ရေး၊ နေပြည်တော်)တို့၏မောင်၊ ဦးတေဇာ(Total ကုမ္ပဏီ)-ဒေါ်စမ်းစမ်းမိုးတို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်ရိပ်သာလမ်း၊ ဆရာစံရပ်ကွက်၊ အမှတ် ၂၄ (E) နေ ဒေါ်စန္ဒာအေး၏ခင်ပွန်း၊ မဇင်ဝင့်ထူး(ဒုတိယနှစ်၊ ကွန်ပျူတာတက္ကသိုလ်)၊ မောင်ကောင်းမြတ်သူ(Grade-IX, A၊ တက္ကသိုလ်လေ့ကျင့်ရေးကျောင်း)တို့၏ဖခင်သည် ၁၂-၇-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

## ဦးထွန်းထွန်းခိုင်

**အေးရှားဝေါလ်(ကန်ထရိုက်တာ)**
**နေပြည်တော်**
**အသက်(၄၅)နှစ်**

ချစ်ခင်ပွန်း မမျှော်လင့်ဘဲ ချစ်တဲ့မိသားစုနှင့် ခွဲခွာသွားခဲ့သည်မှာ ၁၄-၇-၂၀၁၂ရက်တွင် တစ်နှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း အချိန်တိုင်း လွမ်းဆွတ်သတိရနေဆဲပါ။ ချစ်ခင်ပွန်းအတွက်ရည်စူးပြီး ပြုခဲ့သမျှသော ကောင်းမှုကုသိုလ်အကျိုးကိုလည်း ရရှိခံစားနိုင်ပါစေ-

**ချစ်ဇနီး - ဒေါ်အိအိခိုင်**
**ချစ်သမီး - မသန္တာထွန်းဆွေ**
**ချစ်သား - မောင်မြတ်လင်းမောင်**

ရဟန်းဒါယိကာမကြီး

## ဒေါ်စောမြင့်

**(တောင်ငူ)**
**အသက်(၇၄)နှစ်**

တောင်ငူမြို့၊ (၂၁)ရပ်ကွက်၊ မြိုင်သဇင်လမ်းသွယ်၊အမှတ် ၁၃၀နေ ဦးအေးကျော်၏ဇနီး၊ ဦးတင်ထူး-ဒေါ်ခင်အေးကြူ၊ (ဦးတင်မောင်ကျော်)၊ (ဦးသိန်းနိုင်)၊ ဒေါ်ခင်အေးမူ (ဆည့်မြောင်း၊ ရန်ကုန်)၊ ဒေါ်စန်းစန်းအေး(စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ နေပြည်တော်)၊ ဦးဉာဏ်စိုး-ဒေါ်ချိုချိုမြင့်(ပြိုင်ကင်းကြိတ်ခေါက်ဆွဲ)၊ ဦးမင်းသိန်းဝင်း(သံတောင်ကြီးမြို့နယ်ရဲတပ်ဖွဲ့)-ဒေါ်ဥမ္မာကြိုင်(တောင်ငူစရိုင် ထွေ/အုပ်)၊ ဒေါ်ဥမ္မာခိုင်(ဆည့်မြောင်း၊ တောင်ငူ)တို့၏မိခင်၊ မြေး ၁၃ယောက်တို့၏အဘွား၊ မြစ်တစ်ယောက်၏ ဘွားဘွားကြီးသည် ၁၃-၇-၂၀၁၂ရက်(သောကြာနေ့) နံနက် ၇နာရီတွင်ကွယ်လွန်သွားပါ၍ ၁၅-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂း၃၀နာရီတွင် တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ထိုက်ထိုက်အောင်(ခ)ပုလဲ

**ကျောင်းဆရာမ(ငြိမ်း)**
**အမက(၆)ဗိုလ်တထောင်**
**အသက်(၄၉)နှစ်**

အမှတ် ၁၆၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ ငါးလွှာ၊ ပုဇွန်တောင်မြို့နယ်နေ(ဦးမောင်မောင်-ဒေါ်ခင်ခင်)တို့၏သမီး၊ (ဦးစိန်ထွန်း-ဒေါ်ခင်စောရင်)တို့၏သမီးချွေးမ၊ ဦးထင်အောင်(2/O Mariner Shipping)၏ဇနီး၊ မောင်အောင်ဟိန်း၏မိခင်၊ ဒေါ်ငွေငွေဦး၊ ဦးသန့်စင်၊ ဦးထွန်းထွန်းအောင် - ဒေါ်တိုးတိုးကျော်တို့၏ညီမ၊ မအေးမြတ်နှင်းခင် - ကိုစိုးသိန်းအေး၊ ကိုထွန်းသန့်လင်း၊ ကိုဇင်ကိုကိုဟန်-မစန်းစန်းဝေတို့၏အဒေါ်သည် ၁၁-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၂ရက် မွန်းလွဲ ၂း၃၀နာရီတွင်မြောက်ဥက္ကလာပဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၂ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## လောင်ထွန်းရှိန်(ခ) ဦးထွန်းရှိန် (ပုသိမ်)

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ် ၃၈(မြေညီထပ်)နေ (ဒေါ်ရူကီ)၏ခင်ပွန်း၊ ဦးမောင်မောင်တင်-ဒေါ်စန်းစန်း၊ ဒေါ်ခင်သန်းမြင့်၊ ဦးကြည်ဝင်း-ဒေါ်နီနီဝင်း၊ ဦးတင်ဝင်း-ဒေါ်ချိုချိုလွင်၊ ဒေါ်ခင်စိုးစိုး၊ ဦးရဲထွန်း-ဒေါ်သင်းသင်းဦး၊ဒေါ်ခင်မေသီ၊ဒေါ်ခင်အေးထွန်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၃-၇-၂၀၁၂ရက်(သောကြာနေ့) နံနက် ၉း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## စဝ်မြဖူး

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာဝင်း၊ တိုက်အမှတ်(ဘီ-၁၃)နေ(ဦးစံမြ)၏ဇနီး၊ ဦးစိုင်းစံဦး-ဒေါ်ဆွေဆွေမော်(မြို့တော်စည်ပင်)၊ ဒေါ်နန်းကျင်ကျင်မြ(D.S.Y)၊ ဒေါက်တာစိုင်းစံဝင်း-ဒေါ်မြင့်မြင့်သန်း(လားရှိုး)၊ (ဦးစိုင်းခမ်းလှ)-ဒေါက်တာတင်တင်ဦး (ဆေး-၁)တို့၏မိခင်၊ ဒေါက်တာစိုင်းဉာဏ်စိုး(AZG)၊ နန်းစန္ဒီမြဖူး၊ စိုင်းဉာဏ်ဝင်း(ဖူရှင်းကုမ္ပဏီ)၊ နန်းအိန္ဒိခမ်း(လသာ-၂)တို့၏အဘွားသည် ၁၂-၇-၂၀၁၂ရက်(ကြာသပတေးနေ့)ညနေ ၆း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄-၇-၂၀၁၂ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်တင် (ထားဝယ်)

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့နေ(ဦးထွန်းတင်-ဒေါ်သိန်းမြ)တို့၏သမီး၊ ဦးကျင်ဂွမ်၏ဇနီး၊ (ဦးဖေအောင်)၊ဦးထွန်းလှိုင်-(ဒေါ်မြစိန်)၊ (ဦးမေအောင်)-ဒေါ်သန်းရွှေ၊ ဦးသန်းအောင်-ဒေါ်မေမေအေးတို့၏ညီမ၊ ဦးမင်းအောင်-(ဒေါ်တင်တင်)၊ ဦးတင့်ဆွေ၊ (ဒေါ်ခင်စောမူ)တို့၏အစ်မ၊ ဦးဉာဏ်ဝင်း-ဒေါ်မြင့်မြင့်သန်း၊ (ဒေါ်အေးအေးသန်း)၊ (ဦးဝင်းဇော်လတ်) - ဒေါ်ဝင်းပပစိုးတို့၏မိခင်၊ မောင်အောင်ချမ်းဝင်း-မနန်းဦးခိုင်၊ မောင်မင်းဂျူလိုင်ဝင်း၊ မချမ်းမြေ့ဝင်း၊ မနှင်းအိရွှေရည် (အထက-၄၊ ပုဇွန်တောင်)၊ မောင်ဘုန်းသော်ခန့်တို့၏ အဘွားသည် ၁၂-၇-၂၀၁၂ရက်(ကြာသပတေးနေ့)ည ၁၁နာရီတွင်အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၂ရက်(စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသန်းစိုး

**(လ/ထ မော်ကွန်းထိန်း)**
**အသက်(၅၈)နှစ်**

သမဝါယမကောလိပ်၊ ဖောင်ကြီး လှည်းကူးမြို့နယ်နေ(ဦးအောင်ပု-ဒေါ်နု)တို့၏သားငယ်၊ဒေါ်နီနီဝင်း၏ခင်ပွန်းသည် ၁၂-၇-၂၀၁၂ရက် ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၂ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် မင်းကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ယုယုအောင်

**(ကျောက်တံခါး)**
**အသက်(၅၂)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နေ (ဦးကျော်ထူး-ဒေါ်ကျင်စွဲ)တို့၏သမီး၊မြောက်ဥက္ကလာပမြို့နယ်နေ(ဦးလှငွေ)-ဒေါ်သိန်းညွန့်တို့၏ချွေးမ၊ အမှတ် ၃၂၉၊ အောက်ပုဇွန်တောင်လမ်းနေ ဦးမျိုးညွန့်၏ဇနီး၊ မောင်စိုင်းကျော်ကျော်-မမို့မို့သော်(Myanmar Times)တို့၏မိခင်သည် ၁၂-၇-၂၀၁၂ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၄-၇-၂၀၁၂ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသာနုမင်း(ခ)ဦးမောင်မောင် (စစ်တွေ)

**အငယ်တန်းအင်ဂျင်နီယာ(ပဆင)**
**အသက်(၇၁)နှစ်**

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ လမ်းမကြီး ၂၃နေ (ဦးမြထွန်းသာ-ဒေါ်အေးသာ)တို့၏သား၊ ဒေါ်စောယဉ်၏ခင်ပွန်း၊ (ဒေါ်ဥမ္မာယဉ်မင်း-ဦးမောင်မောင်ဇံ)၊ (ဒေါ်သန္တာယဉ်မင်း)၊ ဦးရွှေလမင်း(ခေတ္တ-ဟောင်ကောင်)-ဒေါ်တင်တင်စိုး(အမက-၁၅)၊ ဗိုလ်မှူးကျော်ထွန်းမင်းတို့၏ဖခင်၊ မပန်းနုဇံ၊ မောင်အောင်ကိုခန့်၊ မအေးဆုမြတ်မွန်တို့၏အဘိုးရှင်သည် ၁၃-၇-၂၀၁၂ရက် (သောကြာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသာနုမင်း(ခ)ဦးမောင်မောင် (စစ်တွေ)

**အငယ်တန်းအင်ဂျင်နီယာ(ပဆင)**
**အသက်(၇၁)နှစ်**

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ လမ်းမကြီး ၂၃နေ (ဦးမြထွန်းသာ-ဒေါ်အေးသာ)တို့၏သား၊ ဒေါ်စောယဉ်၏ခင်ပွန်း၊ (ဒေါ်သာနုဝေ)-ဗိုလ်မှူးကြီးသာထွန်းအေး(လေ)(ငြိမ်း)၏ညီမောင်၊ ဦးသာနုရွှေ-ဒေါ်ခင်ကြည်၊ ဒေါ်စိုးစိုးမေ-(ဦးကျော်စိန်)တို့၏အစ်ကို၊ တူ၊ တူမ ငါးယောက်တို့၏ဦးလေးသည် ၁၃-၇-၂၀၁၂ရက် (သောကြာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးကြီးနီး(ခ)ဦးချိုးနီး

**(မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး)**
**အသက်(၈၆)နှစ်**

မင်းလှမြို့၊ မင်းတန်းလမ်းနေ (ဦးစိန်-ဒေါ်ပွေး)တို့၏တူသား၊ ဦးမောင်ကြီး-ဒေါ်တင်ဝင်း၊ (ဦးလှဝင်း)-ဒေါ်သိန်းလှ၊ ဦးစိုးသိန်း-ဒေါ်ညွန့်ညွန့်တို့၏အစ်ကိုကြီးသည် ၁၃-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် မင်းလှမြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## တပ်ကြပ်ကြီးစိုးမြင့် (ငြိမ်း)

**ဆသတ(၃)**
**အသက်(၇၈)နှစ်**

(ဦးသာညွန့်-ဒေါ်သောင်းရင်)တို့၏သားကြီး၊ ထောက်ကြံ့မြို့ရွာသစ်၊ အမှတ် ၂/၄၈နေ (ဒေါ်တင်ကြိုင်)၊ ဒေါ်ခင်ဝင်းတို့၏ခင်ပွန်း၊ ဦးခင်မောင်ဦး (ပထပ)-ဒေါ်ခင်လှနွယ်၊ ဦးမောင်ခိုင်-ဒေါ်ရင်ရင်ဆွေ၊ ဦးစိန်ဝင်း(ထပရ-၉၃၁)-ဒေါ်သန်းသန်းငွေး၊ ဦးမျိုးဝေ-ဒေါ်သန်းသန်းအေး၊ ဦးနိုင်-ဒေါ်သန်းသန်းစိုး၊ ဦးမင်းသိမ်း(ထပရ-၉၂၇)-ဒေါ်တင်တင်အုန်းတို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၂-၇-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၇-၂၀၁၂ ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယိကာမကြီး

## ဒေါ်ရွှေမြသာ

**အသက်(၇၇)နှစ်**

ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ယိုးတရပ်ကျေးရွာ၊အနောက်အုပ်စုရပ်ကွက်နေ (ဦးမောင်ရွှေထွန်း-ဒေါ်ဒါမ)တို့၏သမီးကြီး၊(ဦးကျော်ဇံရှိ)၏ဇနီး၊ ဦးစံရွှေမောင်-ဒေါ်လှသန်းကြည်၊ဦးထွန်းအောင်ကြီး-ဒေါ်မချေ၊ ဦးအောင်ကြီး-ဒေါ်ကျော့စိန်ဝင်း၊ ဦးစောလှမောင်-ဒေါ်မရှင်၊ ဦးထွန်းရှိန်(ခ)ထွန်းလင်း-ဒေါ်မသန်းနု၊ ဦးကျော်မြင့်-ဒေါ်မစောခင်၊ မအေးကြည်တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည်၁၃-၇-၂၀၁၂ ရက် မွန်းလွဲ ၂း၃၃နာရီတွင် ဗဟိုစည်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၄၈၊ ပထပ်၊ ၁၂၁လမ်း၊ရေတွင်းကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ် နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)
ရာသက်ပန်အသင်းဝင်

## ဦးကျော်ဝင်း (နံကပ်ကြီး)

**အလက(၁)မရမ်းကုန်း(ငြိမ်း)**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကမ္ဘာအေး၊ သူရသတိလမ်း၊ အမှတ် ၈၉နေ ဒေါ်သန်းထွေး(အမက-၁၀၊မရမ်းကုန်း၊ငြိမ်း)၏ခင်ပွန်း၊ဒေါက်တာသင်းရွှေရည်ဝင်း၊ မောင်သန်းထွဋ်ဦး(ခေတ္တ - တောင်ကိုရီးယား)တို့၏ဖခင်၊ ဦးကျော်စိန် - ဒေါ်အကြည်မြင့် (အင်္ဂပူမြို့နယ်အသင်း၊ အမှုဆောင်)တို့၏အစ်ကို၊ မမူမူကျော်(ဆေးဝါး၊ တတိယနှစ်)၊ မသဲဆုစံ(အထက-၅၊ မရမ်းကုန်း)၊ မောင်အောင်ငြိမ်းမြတ်(အထက-၅၊ မရမ်းကုန်း)တို့၏ဘကြီးသည် ၁၂-၇-၂၀၁၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များနှင့် ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

## ဦးမင်းလွင်

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၈)ရပ်ကွက်၊ ဝါးတန်းလမ်း၊ M.A.C တာဝါ (II)၊ တိုက်အမှတ် ၇၉၇/ဘီ-၁၊ အခန်းအမှတ် ၁၁၀၁နေ(ဦးသောင်းရွှေ-ဒေါ်သီ)တို့၏ဒုတိယသား၊ (ဦးအေး)-ဒေါ်ညွန့်ညွန့်တို့၏သားသမက်၊ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း၊ မောင်ဝင်းလွင်ဖြိုး၏ဖခင်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးစိုးကြည်-ဒေါ်သန်းတင်ဦး(ပွင့်လွှာဆေးဆိုင်၊မင်္ဂလာဈေး)၏ညီ၊ ဦးအောင်စိုး-ဒေါ်ဖြူဖြူဝင်း၊ (ဦးအောင်လွင်)-ဒေါ်ခင်လှရွှေ၊ ဦးခင်ငွေး၊ ဦးခင်စိုး-ဒေါ်အုန်းသန်း၊ ဦးငွေးအောင်(မင်းစိတ်ကြိုက်ကဖေး)-ဒေါ်နန်းရှုံဆွတ်တို့၏အစ်ကို၊ တူ၊တူမငါးယောက်တို့၏ဦးလေးသည် ၁၃-၇-၂၀၁၂ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၅-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ဖြိုး(ခ) ကိုဖြိုး (AB)

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၁၃၊ အခန်း ၈နေ ဗိုလ်မှူးသန်းမောင်(ငြိမ်း)-(ဒေါ်ခင်ကြည်)တို့၏သား၊ ဒေါ်နွဲ့နွဲ့သန်း၊ ဦးသန်းနိုင်၊ ဒေါ်လဲ့လဲ့ကြည်တို့၏မောင်၊ ဒေါ်မိမိလေး၊ ဒေါ်မိမိထွေး၊ (ဦးခင်မောင်တိုး)၊ ဒေါ်မိမိအေး၊ ဦးခင်မောင်စိုးတို့၏အစ်ကို၊ (ဒေါ်နီလာသိန်း၊ အထက-၁၊ ဒဂုံ)၏ခင်ပွန်း၊ မဆုမြတ်နိုး၊ မောင်သူ့ထက်တို့၏ဖခင်သည် ၁၁-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။** **R. 488**

# အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှု AIPA ၏ အခန်းကဏ္ဍမြှင့်တင်ရေး အဖွဲ့ဝင်နိုင်ငံများ အထူးအလေးအနက်ပြု ဆွေးနွေးဆောင်ရွက်ရန်အဆိုပြု

**ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျော့ဂျကာတာမြို့၌ ကျင်းပသည့် အာဆီယံပါလီမန်များညီလာခံ (AIPA) အမှုဆောင်ကော်မတီ အစည်းအဝေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ အချက်အလက်ရှာဖွေရေးကော်မတီ နဝမအကြိမ် အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)**

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အာဆီယံပါလီမန်များညီလာခံ (AIPA) ဥက္ကဋ္ဌနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အမျိုးသားပါလီမန်ဥက္ကဋ္ဌ H.E. Dr. Marzuki Alie ၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျော့ဂျကာတာမြို့၌ ကျင်းပသည့် အာဆီယံပါလီမန်များညီလာခံ (AIPA) အမှုဆောင်ကော်မတီ အစည်းအဝေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ အချက်အလက်ရှာဖွေရေးကော်မတီ နဝမအကြိမ် အစည်းအဝေးသို့ တက်ရောက်ရန် ဇူလိုင် ၇ ရက် ည ၈ နာရီတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ဒေသစံတော်ချိန် ည ၁၀ နာရီတွင် ရောက်ရှိပြီး ညအိပ်ရပ်နားခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၈ ရက် နံနက် ၉ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ မြို့တော် ဂျကာတာမှတစ်ဆင့် ဂျော့ဂျကာတာမြို့ Hyatt Regency Hotel သို့ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ရောက်ရှိသည်။ ည ၇ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ အမျိုးသားပါလီမန်မှ ပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ Hon. Dr. Surahman Hidayat က Hyatt Regency Hotel ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ AIPA အဖွဲ့ဝင်နိုင်ငံ ပါလီမန်များမှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တက်ရောက်ခဲ့သည်။



ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၉ ရက် နံနက် ၉ နာရီတွင် Hyatt Regency Hotel, Bromo Ballroom ၌ ကျင်းပသည့် အာဆီယံပါလီမန်များညီလာခံ (AIPA) အမှုဆောင်ကော်မတီ အစည်းအဝေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ အချက်အလက်ရှာဖွေရေးကော်မတီ နဝမအကြိမ် အစည်းအဝေး *စာမျက်နှာ ၅ ကော်လံ ၃* ◆

**ပြည်သူ့လွှတ်တော် အစည်းအဝေး အဋ္ဌမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၃**

ပြည်သူ့လွှတ်တော်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၀၁)ဦး တက်ရောက်ကြသည်။

**မေးခွန်းများမေးမြန်းဖြေကြားခြင်းကဏ္ဍ**၌ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ **စီးပွားဖြစ်နွားမွေးမြူရေးဇုန်အဖြစ် သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ဖြေကြားရာတွင် ဒေသနွားမွေးမြူသူများအနေဖြင့် မွေးမြူရေးဇုန်အတွင်း မွေးမြူလိုသူ အမည်စာရင်း၊ မွေးမြူလိုသည့် ကျွဲနွားအမျိုးအစား၊ ကောင်ရေတို့အား စာရင်းကောက်ယူပြီး လိုအပ်သည့် မြေအကျယ်အဝန်းပေါ် မူတည်၍ မွေးမြူရေးဇုန် ဖော်ထုတ်သွားရန်ဖြစ်ပါကြောင်း၊ မြို့နယ်အတွင်း မွေးမြူထားသောနွားများမှာ နို့စားနွားများ မဟုတ်ဘဲ ခိုင်းနွားအမျိုးအစားများဖြစ်ပါကြောင်း၊ မွေးမြူရေးဇုန်မြေနေရာကို (၇)ဧကအဖြစ် သတ်မှတ်မည်ဆိုပါက ၎င်းအပေါ်တွင် ပေ (၁၀၀)ပတ်လည် မြေကွက် (၂၈)ကွက် ရရှိမည်ဖြစ်ပြီး မြေတစ်ကွက်လျှင် နွားအကောင် (၂၀)မွေးမြူနိုင်ပါကြောင်း၊ ၎င်းဇုန်နေရာတွင် မွေးမြူမည့်သူများ ရှိ/မရှိမှာ *စာမျက်နှာ ၆ ကော်လံ ၁* ■

# အမျိုးသားလွှတ်တော်အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပ

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)**

**နေပြည်တော် ဇူလိုင် ၁၃**

အမျိုးသားလွှတ်တော်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၄)ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥပဒေကြမ်းကော်မတီဝင် ဦးစိုးမြင့်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **သွင်းကုန်ပို့ကုန်ဥပဒေကြမ်း** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **သွင်းကုန်ပို့ကုန်ဥပဒေကြမ်း**ကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

ဆက်လက်၍ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစံထွန်းက **လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျယောဝူနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေတို့က ပြင်ဆင်ဖြည့်စွက်လိုသည့်အချက်များကို တင်ပြဆွေးနွေးကြသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ❒



14-7 (20).pmd 1 7/14/2012, 2:20 AM